မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၁၂ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၅၀]

နိုင်ငံတော်သမ္မတဦးသိန်းစိန် ရုရှားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမီယာ၊ ပွီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

စာမျက်နှာ ၅ ကော်လံ ၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်သံအမတ်ကြီး မစ္စတာ ရန်ဟိုလန်အား လက်ခံတွေ့ဆုံ

"နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေး"

သတင်း၊ စာမျက်နှာ ➢ ၃

ငမိုးရိပ်တံတား(သုဝဏ္ဏ)အသစ် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ၌ ပထမဦးဆုံး ခန်းဖွင့်ကျယ် Steel Box Girder အမျိုးအစားဖြင့် တည်ဆောက်လိုက်သည့် ငမိုးရိပ်ချောင်းကိုဖြတ်ကာ သယ်နိုးကျွန်းမြို့နယ်(သုဝဏ္ဏ)နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်ပေးထားသော ငမိုးရိပ်တံတား(သုဝဏ္ဏ)အသစ်သည် တံတားတည်ဆောက်ရေးစီမံကိန်းတစ်ခုလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၅ ခုနှစ် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအနေအထားအရ ငမိုးရိပ်တံတား (သုဝဏ္ဏ)အသစ်၏ တံတားအောက်ထည်လုပ်ငန်းများအနေဖြင့် ဘိုးပိုင်လုပ်ငန်းများ

စာမျက်နှာ ၁၂ ကော်လံ ၁

ငမိုးရိပ်တံတား(သုဝဏ္ဏ)အသစ် တည်ဆောက်နေမှု လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ငွေလဲလုယ်နှုန်း မထိခိုက်စေရန် အရန်ငွေကြေးကို ထိန်းထားရမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ပြော

စာ-၄

Elite ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ် တိမ်းမှောက်၍ သေဆုံး/ ဒဏ်ရာရရှိမှုအပေါ် ယာဉ်လိုင်းနှင့် ယာဉ်မောင်းသူတို့အား ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

စာ-၁၂

ရွှေဈေးတည်ငြိမ်ရေးအတွက် ရွှေလုပ်ငန်းရှင်များအသင်း အရေးပေါ်ဆွေးနွေး

စာ-၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အင်းလေးကန်အမြဲလုပနေရမည်

အင်းလေးဒေသသည် မြန်မာနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားဒေသတစ်ခုဖြစ်ပါသည်။ ဒေသခံအင်းသား အင်းသူတို့၏ ထူးခြားသော ဓလေ့ထုံးစံများနှင့် သာယာလှပသော အင်းလေးကန် သဘာဝအလှတရားများကြောင့် နှစ်စဉ် ကမ္ဘာလှည့်ခရီးသွား အမြောက်အမြား လာရောက်လည်ပတ်လျက်ရှိပါသည်။ တစ်နည်းအားဖြင့် အင်းလေးဒေသသည် မီးခိုးမထွက်သော စီးပွားရေးဟုခေါ်ဆိုသည့် ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားငွေရှာဖွေပေးရာ ထူးခြားသော ဒေသတစ်ခုဖြစ်ပါသည်။

အင်းလေးကန်ကြီးသည် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်း တည်ရှိသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး သဘာဝကုန်းတွင်းရေကန်ကြီးတစ်ခု ဖြစ်ပါသည်။ သို့သော်လည်း နှစ်ကာလကြာလာသည့်အလျောက် ကန်အတွင်း နုန်းသဲများ ပို့ချလာခြင်း၊ ကန်အနီး အဆောက်အအုံသစ်များ တိုးချဲ့လာခြင်း၊ ကျွန်းမျောများ စိုက်ပျိုးခြင်းတို့ကြောင့် ကန်အတွင်း တိမ်ကောမှုများရှိလာပါသည်။ နွေရာသီကာလအတွင်း နေရာအချို့ ရေခန်းခြောက်မှုများ ရှိတတ်သည်။ အင်းလေးကန်သည် သဘာဝဂေဟစနစ်များ မပျက်စီးဘဲ အမြဲတမ်းသာယာလှပနေဖို့လိုပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇွန် ၉ ရက်က အင်းလေးဒေသသို့ ရောက်ရှိစဉ် အင်းလေးဖောင်တော်ဦးစေတီ ဓမ္မာရုံ၌ မြို့မိ မြို့ဖများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်အသင်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အင်းလေးပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အင်းလေးကန် အစဉ်အမြဲ သာယာလှပသန့်ရှင်းနေစေရန် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်ဂေဟစနစ် မပျက်သုဉ်းစေရန်၊ အင်းလေးကန်အရှည်သဖြင့် တည်တံ့နေစေရန်၊ သဘာဝအနေအထားများ မပျက်စီးစေရန်နှင့် ကန်ခန်းခြောက်မှု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကာကွယ်ကြရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

ယခုအခါ အင်းလေးကန်ကြီးကို မတိမ်ကောစေရန် အင်းလေးကန်သဘာဝပတ်ဝန်းကျင် ဂေဟစနစ် မပျက်သုဉ်းစေရန်၊ အင်းလေးကန် အစဉ်သာယာလှပ စိမ်းလန်းစိုပြည်နေစေရန် အတွက် အင်းလေးကန် သာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဌာန ၁၃ ခုနှင့် အခြား NGO, INGO အဖွဲ့အစည်းများ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဤသို့ အင်းလေးကန် သာယာလှပရေးကို ဌာနဆိုင်ရာများက အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများကလည်း သတ်မှတ်ထုတ်ပြန်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အင်းသား အင်းသူများ၏ ရိုးရာဓလေ့များ၊ လက်မှုအနုပညာများ၊ ရှေးဟောင်းအသုံးအဆောင် အမွေအနှစ်ပစ္စည်းများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်ပါသည်။ အင်းလေးဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်နေခြင်းမှာ တိုင်းရင်းသားတို့၏ ထူးခြားသော ဓလေ့စရိုက်များကြောင့်ဖြစ်ပါသည်။ ခြေဖြင့်လှေလှော်ခတ်သည့်ဓလေ့မှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမျှ မရှိပါ။ မြန်မာနိုင်ငံ၏ အင်းလေးဒေသတစ်ခုတည်း၌သာ ရှိပါသည်။ ထိုကဲ့သို့သော ရိုးရာဓလေ့များ မပျောက်ပျက်အောင် ထိန်းသိမ်းထားဖို့လိုပါသည်။ သို့ပါ၍ နှစ်စဉ်ကမ္ဘာလှည့် ခရီးသွား အများအပြားလာရောက်လျက်ရှိသော သဘာဝအခြေခံခရီးသွားဒေသဖြစ်သည့် အင်းလေးဒေသကို အမြဲလှပနေအောင် ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ရိုးရာဓလေ့များကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

သင်ရရှိသည့်အခွင့်အရေးကို လက်လွတ်မခံပါနှင့်၊ မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျင်းပ

မော်လမြိုင် ဇွန် ၁၁

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန်လ ပထမပတ်က မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အမှတ် (၉) အခြေခံပညာအထက် တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ဝန်ကြီးများ၊ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MNA) မှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ သူနာပြုများနှင့် အလွတ်တန်းဝင်ရောက်ယှဉ်ပြိုင်သူများ၏ ယှဉ်ပြိုင်နေမှုကိုလှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြိုင်ပွဲလေးမျိုးတွင် ကာတွန်းပြိုင်ပွဲကို နံနက်ပိုင်း၌ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို နေ့လယ်ပိုင်းတို့၌ ကျင်းပခဲ့သည်။ ကာတွန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်နှင့် အလွတ်တန်းစုစုပေါင်း ၅၂ ဦးရှိပြီး ပန်းချီပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၃၁ ဦးနှင့် ပိုစတာပြိုင်ပွဲတွင် ၅၇ ဦး ယှဉ်ပြိုင်သူစုစုပေါင်း ၁၄၀ က သတ်မှတ် အမျိုးအစားများအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဝေလင်းအောင် (iprd)

စက်သုံးဆီတင်ယာဉ်များ သတိပြုမောင်းနှင်ကြစေချင်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့သည် မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ်တို့ဖြင့် ထိစပ်နေကာ ရေကြောင်း၊ ကုန်းကြောင်းလမ်းများဖြင့် အထက်အောက် အစုန်အဆန် လွယ်ကူစွာ သွားလာနိုင်ပြီး အလွန်စည်ကားသော မြို့တစ်မြို့ဖြစ်သည်။

ဖားကန့်ဒေသရှိ ကျောက်ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့် ၄င်းတို့၏ စက်ယန္တရားများအတွက် စက်သုံးဆီ(ဒီဇယ်ဆီ)များကို ကသာမြို့မှ တစ်ဆင့် ခြောက်ဘီးကား ယာဉ်ကြီးများဖြင့် နေ့စဉ် စီးရေ ၁၀၀ ကျော်ခန့် သယ်ဆောင်နေသည်ကို တွေ့ရှိရသည်။ ထိုသို့ သယ်ဆောင်သည့် လောင်စာဆီတင်ယာဉ်များ သည် အချိန်ကိုလုကာ မောင်းနှင်ကြ ပြီး ကသာမြို့(၉) ရပ်ကွက်ရှိ ကားပြင် (ဝပ်ရှော့) ဆိုင်များတွင် ပြင်ဆင်မှုများ ပြုလုပ်နေကြသဖြင့် ရာသီဥတုပူချိန်တွင် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ မေ ၁ ရက် ည ၉ နာရီက လောင်စာဆီများ တင်ဆောင်လာသည့်ယာဉ်တစ်စီးသည် ကသာမြို့နယ် သိမ်အင်းကျေးရွာအနီး အမှတ် (၃) ခရိုင်ချင်းဆက် လမ်းမပေါ်တွင် တိမ်းမှောက်သွားခဲ့သည့် သာဓကများလည်း တွေ့ကြုံခဲ့ရဖူးသည်။

ယခုအခါ ကျောင်းဖွင့်ရာသီ ရောက်လာသဖြင့် ကျောင်းသား ကျောင်းသူများ၊ ခရီးသွားပြည်သူများအတွက် ဤလောင်စာဆီကားများကြောင့် ယာဉ်အန္တရာယ်နှင့် မီးဘေး အန္တရာယ်ပါ စိုးရိမ်နေရပါသည်။

သို့ဖြစ်၍ လောင်စာဆီတင် ယာဉ်များအနေဖြင့် မီးဘေးအန္တရာယ်နှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်မောင်းများ သတိပြုဆင်ခြင် မောင်းနှင်ကြရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

လူအောင်(ကသာ)

ထင်သာမြင်သာပြုပြင်စရာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၆-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၇၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၉၅၀၀

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၉၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၇၃၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၃၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျောဲ)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၀၅
ဥရောပ	တစ်ယူရို	၁၂၄၈.၉
စင်ကာပူ	တစ်ဒေါ်လာ	၈၂၁.၅၃
ထိုင်း	တစ်ဘတ်	၃၂.၈၄၈
အိန္ဒိယ	တစ်ရူပီး	၁၇.၃၁၈
တရုတ်	တစ်ယွမ်	၁၇.၈.၀၆
မလေးရှား	တစ်ရင်းဂစ်	၂၉၆.၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန် (အသစ်)	တစ်အိတ်	၂၀၀၀၀-၂၀၅၀၀
ပေါ်ကျွဲ	တစ်အိတ်	၂၆၅၀၀-၂၈၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၃၀၀၀၀-၃၅၀၀၀
မြေပဲဆီ	တစ်ပိဿာ	၅၁၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၉၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၄၁၀-၅၁၀
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၂၂၀၀-၂၆၀၀
ကြက်သွန်ဖြူ (ကြေကုတ်သစ်)	တစ်ပိဿာ	၂၂၀၀
အာလူး (ဟဲဗဂိုး)	တစ်ပိဿာ	၅၉၀-၈၀၀
ငရုတ်ရှည် (ဖိုးထောင်)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
ငရုတ်ပွ (မြစ်ဝ)	တစ်ပိဿာ	၅၀၀၀-၇၀၀၀
သင်္ကြား	တစ်ပိဿာ	၁၁၈၀-၁၂၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာမည့် တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်အား (သတင်းစဉ်) **လက်ခံတွေ့ဆုံစဉ်။**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၄င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ ခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	**ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန**
(က)	ဦးခင်မောင်ဝင်း ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ခ)	ဦးခင်မောင်တင့် ဦးဆောင်ညွှန်ကြားရေးမှူး အထည်အလိပ်လုပ်ငန်း စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန
(ဂ)	ဦးသန့်စင် ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆေးဝါးလုပ်ငန်း စက်မှုဝန်ကြီးဌာန
(ဃ)	ဦးညွှန့်အောင် ညွှန်ကြားရေးမှူးချုပ် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(င)	ဦးလှမော်ဦး ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၊ ရာထူး၊ ဌာန**
(က)	ဦးဝင်းဆွေထွန်း	ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန
(ခ)	ဦးတင့်သွင်	ညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံမှ နောက်ဆုံးအကြိမ် ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သား ၁၃၂ ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးပဟိုအဖွဲ့မှ ငွေကျပ်တစ်သိန်းစီထောက်ပံ့

နေပြည်တော် ဇွန် ၁၁

အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာရေလုပ်သား ၅၃၅ ဦး အနက် ကျန်ရှိသည့် ၁၃၂ ဦး ကို ဇွန် ၁၀ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် MAI လေကြောင်းလိုင်းလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ Ambon အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အပြီးသတ်သွားရောက်ခေါ်ဆောင်ခဲ့ရာ ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီးဝင်းနိုင်နှင့် တာဝန်ရှိသူများက ပူးပေါင်းကြိုဆိုခဲ့ကြသည်။

အဆိုပါရေလုပ်သား ၁၃၂ ဦးတို့အား ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီးက လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ မြန်မာရေလုပ်သား တစ်ဦးစီအတွက် ကူညီထောက်ပံ့သည့် ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၃၂ သိန်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက လူကုန်ကူးခံရသူ ၁၃၂ ဦးအတွက် ငွေကျပ် ၆၅ သိန်း၊ ကမ္ဘောဇလေကြောင်းလိုင်းမှ တစ်ဦးလျှင် ငွေကျပ် ၅ သောင်း၊ အကျိုတစ်ထည်နှင့် ဦးထုပ်တစ်လုံးစီ၊ IOM (မြန်မာ)မှ စားစရိတ်ကုန်ကျငွေကျပ် သိန်း ၅၀၊ တစ်ဦးလျှင် မိုးကာအင်္ကျီတစ်ထည်၊ ဖုန်း Sim Card တစ်ကတ်နှင့် လက်ကိုင်ဖုန်းမရှိသူများအား လက်ကိုင်ဖုန်းတစ်လုံးစီကို လည်းကောင်း၊ IOM (အင်ဒိုနီးရှား)မှ စပို့ရှပ်အင်္ကျီတစ်ထည်နှင့် ဘောင်းဘီရှည်တစ်ထည်စီကို လည်းကောင်း အခမ်းအနားဖြင့် ထောက်ပံ့ပေးအပ်သည်။

ပြန်လည်ရောက်ရှိလာသော ရေလုပ်သား ၁၃၂ ဦးသည် မွန်ပြည်နယ်မှ ၃၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄ ဦး၊ ရခိုင်ပြည်နယ်မှ ၁၂ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၈၊ ဦး၊ ကရင်ပြည်နယ်မှ လေးဦး၊ ရှမ်းပြည်နယ်မှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်ဦးနှင့် မကွေးတိုင်းဒေသကြီးမှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ မြန်မာရေလုပ်သားများအား အစိုးရ၏အစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခြင်းဖြစ်ရာ မေ ၁၄ ရက်က ပထမအကြိမ် မြန်မာရေလုပ်သား ၁၂၅ ဦး၊ မေ ၁၇ ရက်က ဒုတိယအကြိမ် ၁၂၈ ဦး၊ မေ ၂၈ ရက်က တတိယအကြိမ် ၁၂၉ ဦး ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ယခုစတုတ္ထအကြိမ် ၁၃၂ ဦးကို အပြီးသတ် ပြန်လည်ခေါ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် ဇွန် ၁၁

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ငွေလဲလှယ်နှုန်း မထိခိုက်စေရန် အရန်ငွေကြေးကို ထိန်းထားရမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ပြော

ဝါရှင်တန် ဇွန် ၁၁

ကမ္ဘာ့ဘဏ်သည် ယခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှု ခန့်မှန်းချက်ကို လျှော့ချလိုက်ခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံများအား ကုန်စျေးနှုန်း နိမ့်ကျအောင်လုပ်ဆောင်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ခံနိုင်ရည်ရှိအောင် ကြိုးစားပေးကြရန် ဇွန် ၁၀ ရက်က ဆော်သြလိုက်သည်။

ကမ္ဘာ့ဘဏ်၏ စီးပွားရေးအကြီးအကဲက အရန်ငွေကြေးကို ငွေလဲလှယ်နှုန်းပိုမိုမဆိုးစေရန် လာမည့်နှစ်အထိ ထိန်းထားရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

တစ်နှစ်နှစ်ကြိမ် ကမ္ဘာ့စီးပွားရေး အလားအလာ အစီရင်ခံစာတွင် ငွေချေးသူများက ကမ္ဘာ့စီးပွားရေးသည် ယခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း ကျယ်ပြန့်ကြီးထွားလာမည်ဟု ခန့်မှန်းခဲ့သည်။



လွန်ခဲ့သောနှစ်ကလည်း အကြမ်းဖျဉ်းအားဖြင့် ရေနံစျေးသည် ၄၀ ရာခိုင်နှုန်း အောက်ကျသွားသည်။ ကုန်စျေးနှုန်း ကျဆင်းမှုများသည် ပို့ကုန်လုပ်ငန်းစုများကို ထိခိုက်စေသည်။ ထို့ပြင် ကမ္ဘာ့ဘဏ်သည် နိုင်ငံအများစုကို ဖွံ့ဖြိုးဆဲနိုင်ငံများ အပေါ် အမေရိကန် တိုးနှုန်းမြင့်တက်လာနိုင်ခြင်းကို ကြိုတင်ပြင်ဆင်ထားကြရန် သတိပေးခဲ့သည်။

မိမိတို့ ကမ္ဘာ့ဘဏ်သည် ကမ္ဘာ့စီးပွားရေး အရွေ့အပြောင်းကို လိုက်လျောညီထွေ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ဝါရှင်တန်၌ ပြုလုပ်သော သတင်း စာရှင်းလင်းပွဲ၌ ပြောခဲ့သည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများကိုလည်း ကမ္ဘာ့စီးပွားရေး အရွေ့အပြောင်းကို အမီလိုက်ရန် သတိပေးခဲ့ကြောင်း ကမ္ဘာ့ဘဏ်စီးပွားရေး အကြီးအကဲက ပြောခဲ့သည်။

ကုန်စျေးနှုန်းများ ကျဆင်းလာခြင်းက ကမ္ဘာ့ဖွံ့ဖြိုးမှုနှုန်းကို ကူညီရာရောက်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်စီးပွားရေးအကြီးအကဲက ပြောခဲ့သည်။

အမေရိကန် အတိုးနှုန်းနှင့်ပတ်သက်ပြီးသိသာထင်ရှားသော ဆောင်ရွက်ချက်တစ်ခုသည် ငွေကြေးလဲလှယ်မှုနှုန်းထားများကို အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ပြီး ဒေါ်လာစျေးကွက်ကို ပိုမိုခိုင်မာစေသည်။ ထိုသို့ပြောင်းလဲလာခြင်းသည် အမေရိကန်စီးပွားရေးအတွက် မကောင်းနိုင်ပေ။ ထို့အတူ အခြားနိုင်ငံများကိုလည်း အပျက် သဘောဆောင်သည့် ထိခိုက်မှုများ ဖြစ်ပွားနိုင်ကြောင်း ၄င်းက ဆက်လက်ပြောခဲ့သည်။

(ရိုက်တာ)

ဖူဂျီတောင်တွင် ဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းကြိုတင်လေ့ကျင့်

ကိုဖု ဇွန် ၁၁

ဂျပန်နိုင်ငံတွင် မီးတောက်ပေါက်နိုင်ခြေအနည်းငယ်မြင့်တက်လာမှုကြောင့် ကမ္ဘာလှည့်ခရီးသွားများအတွက် ကယ်ဆယ်ရေးဆိုင်ရာ လမ်းညွှန်ချက် မြေပုံအသစ်တစ်မျိုးကို ထုတ်ပြန်ပေးခဲ့ပြီး ဖူဂျီတောင်တွင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း လေ့ကျင့်ရေးကို ကြာသပတေးနေ့က လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဖူဂျီတောင်သည် ဂျပန်နိုင်ငံ၏အမြင့်ဆုံးတောင်ဖြစ်ပြီး UNESCO မှ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းထည့်သွင်းထားကာ တောင်တက်ရာသီကို နောက်လမှစတင်၍ စက်တင်ဘာလအလယ်ထိ သတ်မှတ်ထားပြီး တောင်တက်သမားများအတွက် ဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ကယ်ဆယ်ရေးဆိုင်ရာ လမ်းပြမြေပုံကိုလည်း ဒေသဆိုင်ရာအာဏာပိုင်များက အွန်လိုင်းတွင် လွှင့်တင်ပေးခဲ့သည်။

အဆိုပါ တောင်တက်ရာသီတွင် တောင်တက်သမားများ၊ ခရီးသွားဧည့်သည်များအတွက် ပြည်တွင်းဧည့်လုပ်ငန်းရှင်များနှင့်အတူ ဘေးအန္တရာယ်ကာကွယ်နိုင်ရန် အတူယူးတွဲလေ့ကျင့်လုပ်ဆောင်ခဲ့သည်။ မီးတောင်မှာ ယာမနာရှိနှင့် ရှီဇူအိုကာ နယ်ကြားတွင် ခွဲလျက်တည်ရှိနေပြီး တိုကျိုမြို့၏အရှေ့ဘက်ပိုင်း ကီလိုမီတာ ၁၀၀ ခန့်အကွာတွင်တည်ရှိကာ နှစ်စဉ် တောင်တက်သမားပေါင်း သုံးသိန်းခန့် လာရောက်တက်လေ့ရှိသည်။

အမြင့်ပေ ၃၇၇၆ မီတာအမြင့်ရှိသောတောင်တွင် ထွက်ပေါက်အများအပြားရှိသော်လည်း ပေါက်ကွဲနိုင်ခြေကိုခန့်မှန်းနိုင်ရန် ခက်ခဲသည်။ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်လုပ်ဆောင်မှု ပထမဆုံးအနေဖြင့် ယာမနာရှိဘက်ပိုင်း ဖူဂျီတောင်တက်လမ်းကျယ်ပြန့်သော အပိုင်းတွင် လုပ်ဆောင်ခဲ့ကြပြီး စျေးသည်များ၊ တည်းခိုခန်းမန်နေဂျာများ၊ ဒေသဆိုင် ရာရဲများ၊ မီးသတ်သမားများ စုစုပေါင်း ၁၅၀ ခန့်တက်ကြွစွာ ပါဝင်လေ့ကျင့်လုပ် ဆောင်ခဲ့ကြောင်း သိရသည်။ **(ကျိုဒို)**

အမေရိကန်တပ်ဖွဲ့ဝင် ၄၅၀ အီရတ်သို့ ထပ်မံစေလွှတ်မည်

ဝါရှင်တန် ဇွန် ၁၁

အိုင်အက်စ် စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းနေသော အီရတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန် အမေရိကန်က နောက်ထပ် တပ်ဖွဲ့ဝင် ၄၅၀ စေလွှတ်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

မြေပြင်ထိုးစစ်ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အန်ဘာပြည်နယ် တာကွာဒွန်စစ်အခြေစိုက်စခန်းသို့ ဖော်ပြပါတပ်ဖွဲ့ဝင်များကို စေလွှတ်၍ စစ်သင်တန်းပေးခြင်း၊ စစ်ရေးအကြံဉာဏ်ပေးခြင်းနှင့် ပံ့ပိုးပေးခြင်းတို့ သမ္မတအိုဘားမားက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အိမ်ဖြူတော် ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်မည် မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ လောလောဆယ်တွင် အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၁၀၀ ရှိသွားပြီဖြစ်ကြောင်း၊ ထပ်မံပို့မည့် အရေအတွက်နှင့်ဆိုလျှင် အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၅၅၀ အထိ ရှိလာမည် ဖြစ်သည်။

ထပ်မံစေလွှတ်မည့် အမေရိကန်တပ်ဖွဲ့ဝင်များတွင် အကြံပေးအဖွဲ့များ ပါဝင်မည်ဖြစ်ပြီး အန်ဘာပြည်နယ်ရှိ အိုင်အက်စ်တို့အား ထိုးစစ်ဆင် တိုက်ခိုက်ရာတွင် ထိရောက်သော စွမ်းရည်ရှိလာနိုင်အောင် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

တရုတ် ဇနီးမောင်နှံ အိမ်နီးချင်း ၆၇ဦးကို အဆောက်အအုံပြိုကျမှု မှကယ်တင်ခဲ့

ကွိယန် ဇွန် ၁၁

အင်္ဂါနေ့က တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွိကျိုးပြည်နယ်ရှိ ဇနီးမောင်နှံနှစ်ဦးသည် အဆောက်အအုံ ပြိုကျမည့်ဆဲဆဲ၌ အိမ်နီးနားချင်း ၆၇ ဦးအား သတိပေးကယ်ဆယ်နိုင်ခဲ့သဖြင့် သူရဲကောင်းများအဖြစ် ကြိုဆိုခြင်းခံခဲ့ရသည်။ ဇွီယီမြို့ ဟွာချမ်းရပ်ကွက်တွင် ကြာသပတေးနေ့ နံနက် ၂ နာရီဝန်းကျင်၌ ခုနစ်ထပ်အဆောက်အအုံပြိုကျခဲ့သော်လည်း အဆောက်အအုံ၏ မြေညီထပ်ရှိ စားသောက်ကုန်အရောင်းဆိုင်၌နေထိုင်သည့် ဇနီးမောင်နှံနှစ်ဦး၏ အမြန်ဆုံးသတိပေးနှိုးဆော်နိုင်မှုကြောင့် အဆောက်အအုံတွင် နေထိုင်သူအားလုံး အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

အဆောက်အအုံအောက်ဆုံးထပ်တွင် နေထိုင်သော ဇနီးသည်ဖြစ်သူ လျှိကိုင်ဇူသည် တနလ်ာနေ့ညက ဆိုင်ပြတင်းတံခါးအပြင်ဘက်၌ ဆူညံသောအသံများကြောင့် နိုးလာခဲ့သည်ဟု ဆိုသည်။ အင်္ဂါနေ့ နံနက်စောစော ရောက်သောအခါ နောက်ထပ်တစ်ဖန် ဆူညံသံများကြောင့် ထိတ်လန့်စွာဖြင့် ထွက်ကြည့်ခဲ့ရာ နံရံအပြင်ဘက် အက်ကွဲကြောင်းမှတစ်ဆင့် အင်္ဂတေမှုန့်များ ကွာကျလာသည်ကို တွေ့မြင်ခဲ့သည်ဟုဆို သည်။ ဇနီးမောင်နှံနှစ်ဦးမှာ ၄၄ဘို့၏ ကလေးသုံးယောက်ရှိရာ ခြောက်ထပ်မြောက်သို့ ရောက်သည်အထိ တစ်အိမ်တက်ဆင်း လိုက်လံသတိပေးခဲ့သည်။ နောက်ဆုံးကျန်ရှိသူတစ်ဦးကို ကယ်ထုတ်ပြီးနောက် မိနစ် ၃၀အကြာတွင် အဆောက်အအုံပြိုကျခဲ့သည်။ အဆိုပါ ပြိုကျအဆောက်အအုံကို ၁၉၉၅ ခုနှစ်က ဆောက်လုပ်ခဲ့ပြီး မူလရှိ သုံးထပ်အဆောက်အအုံကို ၂၀၀၅ ခုနှစ်တွင် မြေပိုင်ရှင်က လေးထပ် ထပ်မံတိုးချဲ့ခဲ့သည်ဟု ရပ်ကွက်ဒုတိယ အုပ်ချုပ်ရေးမှူးလီယူက ပြောသည်။ **(ဆင်ဟွာ)**

ဒါဖာပဋိပက္ခအတွင်းလူပေါင်း ၇၈၀၀၀ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရ

ကိုနီဗာ ဇွန် ၁၁

ယခုနှစ်အတွင်း ဆူဒန်အစိုးရတပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့မှုကြောင့် အနည်းဆုံး လူပေါင်း ၇၈၀၀၀ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူတစ်ဦးက လုံခြုံရေးကောင်စီသို့ ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အစိုးရတပ်ဖွဲ့ဝင်များ၏ ဒုတိယအဆင့် ထိုးစစ်အတွင်း ပြောင်းရွှေ့နေထိုင်မှုများ သိသိသာသာ များပြားလာခဲ့ပြီး ၁၃၀၀၀၀အထိ ရောက်ရှိလာနိုင်ကြောင်း ကုလသမဂ္ဂ ငြိမ်းချမ်းရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် အက်မွန်မူလက်က ပြောသည်။

ဒါဖာလုံခြုံရေး အခြေအနေသည် ဆိုးရွားနေသည့် အခြေအနေရှိနေဆဲ ဖြစ်ကြောင်း ၄င်းကထပ်လောင်း ပြောကြားသည်။

လုံခြုံရေးကောင်စီက ဒါဖာ အရေးနှင့်ပတ်သက်၍ အာဖရိက၊ ကုလသမဂ္ဂ ပူးပေါင်းညှိနှိုင်း ဆွေးနွေးမှုများပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်ဟု ဆိုသည်။

ဒါဖာဒေသသည် ဆူဒန်အနောက်ဖျား၌ တည်ရှိပြီး စတုရန်းကီလိုမီတာ ၅၀၀၀၀၀ ကျယ်ဝန်းသည်။ လစ်ဗျား၊ ချတ်ဒ်နှင့် ဗဟိုအာဖရိက နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ဒေသတွင်း အကြမ်းဖက်မှုများ အဓိက အစပြုရာ ဒေသတစ်ခုဖြစ်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ရန်ဟို့လန်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၊ ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကိုအခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဖိလစ်ပိုင်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင်ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို(၃)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(မြန်မာ့အလင်း)

✻ ရှေ့ဖုံးမှ

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ အေ၊ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(မြန်မာ့အလင်း)

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် **ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ**က ပြည်ထောင်ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်နိုင်ငံ၌ ကျင်းပသည့် စီးပွားရေးနှင့် လူမှုရေးကောင်စီ ပုံမှန်ပူးပေါင်းညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှုအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇွန် ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇွန်၈ ရက် မှ ဇွန် ၁၀ ရက်အထိ ကျင်းပသည့် စီးပွားရေးနှင့်လူမှုရေးကောင်စီ (ECOSCO) ၏ ပုံမှန်ပူးပေါင်းညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှုအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဇွန် ၁၀ ရက် ဒေသစံတော်ချိန် ၁၀ နာရီ မိနစ် ၄၀ တွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ရပ်ပါဝင်ပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်းတွင် ယခုအစည်းအဝေးက အတည်ပြုချမှတ်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒကော်မတီ (CDP) ၏ (၁၇)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေး အစီရင်ခံစာ၌ မြန်မာနိုင်ငံအနေဖြင့် LDC မှ လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်းများ ပြည့်မီရေးတွင် သိသာထင်ရှားစွာ တိုးတက်လာကြောင်း ဖော်ပြချက်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ LDC မှ လွတ်မြောက်ရေးအတွက် အမျိုးသား ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ ဆပ်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးဌာနများ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြေနီကုန်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၅၀) (၅လွှာ) (A) တွင်ပါတီရုံးချုပ်တည်ရှိသော ဇိုတိုင်းရင်းသား ဒေသဖွံ့ဖြိုးရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ၏အလံပုံစံ



ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာပါအကြံပြုချက် ၄၂ ချက် ဆောင်ရွက်ပေးခဲ့

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပပြီး အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ (ယာပုံ)

အစည်းအဝေးတွင် **လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ ဆောင်ရွက်ချက် အပြီးသတ်အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်း အစီရင်ခံစာဖတ်ကြားတင်သွင်းရာတွင် ဒုတိယဝန်ကြီးက လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဆက်လက်အကောင်အထည်ဖော်ရာ၌ နိုင်ငံတော်အတွက် အကျိုးအမြတ်ပိုမိုရရှိစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စာချုပ်အသစ်ကို ပြန်လည်ချုပ်ဆိုနိုင်ခြင်းကြောင့် ရရှိသည့်အကျိုးအမြတ်များအပေါ် နိုင်ငံတော်မှ ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ၁၉ ရာခိုင်နှုန်းနှင့် မြန်မာဝမ်ပေါင် ကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်း ရရှိကြမည်ဖြစ်သည့်အတွက် နိုင်ငံတော်အကျိုး၊ ဒေသအကျိုးအတွက် အကျိုးစီးပွားဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တည်ဆောက်ရေးကာလအတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်သန်းကို လည်းကောင်း၊ သတ္တုထုတ်လုပ်မှုကာလအတွင်း နှစ်စဉ်ရရှိသည့်အကျိုးအမြတ်မှ ၂ ရာခိုင်နှုန်းကိုလည်းကောင်း၊ သတ္တုတွင်းလုပ်ငန်းများ ပိတ်သိမ်းသည့်အခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၂ သန်း နှစ်စဉ်စုဆောင်းသွားရန်ကိုလည်းကောင်း စာချုပ်အသစ်တွင် ထည့်သွင်းချုပ်ဆိုနိုင်ခဲ့ကြောင်း။

စီမံကိန်းတည်ဆောက်မှုကာလတွင် လုပ်ငန်းခွင်အတွင်း ဒေသခံ ၁၆၇၈ ဦး၊ စီမံကိန်းပြင်ပမြို့နယ်များမှ ၃၃၆ ဦး အလုပ်အကိုင်ခန့်ထားပြီးဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ချက်ချင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်း တိကျသည့် ရည်မှန်းချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာပါ အကြံပြုချက် ၄၂ ချက်အပေါ် ၃၇ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သဖြင့် အကြံပြုချက်များ၏ ၈၈ ဒသမ ၁၀ ရာခိုင်နှုန်းကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း စသည်ဖြင့်တင်ပြသည်။

ယင်းနောက် အဆိုပါအပြီးသတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်တို့က ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က အကြောင်းအရာများနှင့်ပတ်သက်၍ အစီရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် ဒေသခံပြည်သူလူထုနှင့် နိုင်ငံတော်အတွက် အကျိုးအမြတ် ရရှိအောင် ဆောင်ရွက်ခဲ့သည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေများလျော်ကြေးပေးမှု၊ မလိုအပ်သော လယ်ယာမြေများ ပြန်လည်ပေးအပ်မှု၊ စိုက်ပျိုးမြေပြန်လည်ဖော်ထုတ်ပေးမှုနှင့် နှစ်ရှည်သီးနှံနှင့် ရေတွင်းများအား လျော်ကြေးပေးခဲ့မှုတို့ကိုလည်းကောင်း အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအပြီးသတ်အစီရင်ခံစာနှင့် ပတ်သက်၍ လွှတ်တော်ကို ယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ ရှင်းလင်းဆွေးနွေးချက်များကို လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

မြို့ပေါ်သာမက ကျေးလက်ဒေသထိ မိုဘိုင်းတယ်လီဖုန်းကွန်ရက်လွှမ်းခြုံအသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၁

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း ၃ ခုအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ မေးမြန်းစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၏ **ဝေါမြို့ပေါ်တွင် GSM တာဝါတိုင်တစ်တိုင်သာ တပ်ဆင်အသုံးပြုနေပြီး ညောင်ခါးရှည်ကျေးရွာတွင် တာဝါတိုင် တည်ဆောက်ပြီးသော်လည်း စက်များ တပ်ဆင်ထားခြင်း မရှိသေးသဖြင့် ဆက်သွယ်မရသည့် အခက်အခဲနှင့် ကြုံတွေ့ရသောကြောင့် ယင်းအခက်အခဲကို မည်သို့ဖြေရှင်း ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ ရေဒီယိုစခန်းရှိ စက်တပ်ဆင်ခြင်းလုပ်ငန်းသည် ၂၀၁၅ ခုနှစ်အောက်တိုဘာလကုန်ခန့်တွင်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် GSM ရေဒီယိုစခန်း (၉၉)ခု အားထပ်မံတည်ဆောက်သွားရန် လျာထားပါကြောင်း။

ထို့ပြင် Telenor Myanmar Limited အနေဖြင့် ဝေါမြို့နယ် ဌက်ချောဝင်းရပ်ကွက်တွင် တာဝါတိုင်တစ်တိုင်၊ ကျိုက်လှရပ်ကွက်တွင် တာဝါတိုင်တစ်တိုင် တည်ဆောက်ပြီးဖြစ်သည့်အပြင် ဝေါမြို့နယ် အပြင်ကန်တော်ရပ်တွင် တာဝါတိုင် တစ်တိုင်၊ ကွေးကြီးအုပ်စု ဖိုးစိန်နာစုကျေးရွာတွင် တာဝါတိုင်တစ်တိုင်နှင့် ညောင်ကန်ကျေးရွာတွင် တာဝါတိုင်တစ်တိုင် တည်ဆောက်လျက်ရှိပါကြောင်း။

အလားတူ Ooredoo Myanmar Limited မှလည်း ဝေါမြို့နယ် အောင်ချမ်းသာရပ်ကွက်တွင် တာဝါတိုင်တစ်တိုင်၊ ကေရာဇီကျေးရွာတွင် တာဝါတိုင်တစ်တိုင်၊ ကြိုက်လှကျေးရွာတွင် တာဝါတိုင်တစ်တိုင်၊ အဗျာဌက်ချောဝင်းကျေးရွာတွင် တာဝါတိုင်တစ်တိုင်၊ ကွေးကြီးအုပ်စု ဖိုးစိန်နာစုကျေးရွာတွင် တာဝါတိုင် တစ်တိုင်နှင့် ဆီးဖြူကုန်းအုပ်စုတွင် တာဝါတိုင်တစ်တိုင် တည်ဆောက်လျက်ရှိပါကြောင်းနှင့် မြို့ပေါ်သာမက ကျေးလက်ဒေသအထိ မိုဘိုင်းတယ်လီဖုန်းကွန်ရက်လွှမ်းခြုံ အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြု

နေပြည်တော် ဇွန် ၁၁

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၁ ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာသော အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးမျိုးမြင့်၏ **မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ် ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီးရေနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွဲပြောင်းသယ်ယူရေးစီမံကိန်း၊ မဟာစီမံချက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို** နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ ဒေါ်ခင်ပိုင်းကြည်က ဆောင်ရွက်မည့်စီမံကိန်း၊ စီမံချက်များအတွက် ပြည်သူလူထုအပေါ်တွင် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် စီမံကိန်း၊ စီမံချက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံရှိ သဘာဝအရင်းအမြစ်များ၏ ဖွံ့ဖြိုးမှုကို စီမံခန့်ခွဲရာ၌ ယင်းနိုင်ငံရှိ ပြည်သူများအနေဖြင့် အကြီးမားဆုံးသောလူမှုရေးနှင့် စီးပွားရေးအကျိုးကျေးဇူးများကို ခံစားနိုင်ရန်ရည်ရွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ နားလည်မှု၊ ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှု၊ ညှိနှိုင်းမှု၊ သဘောတူညီမှုစသည်တို့ကိုလည်း အခိုန်နှင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်နိုင်လျှင် ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်းဖြင့်ဆွေးနွေးသည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းစံမင်းက မြစ်ရေလွဲပြောင်း သယ်ယူအသုံးပြုစီမံကိန်းအပါအဝင် သံလွင်မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေး ပြေလည်မှုမရရှိသေးဘဲ ဆက်လက်ဆောင်ရွက်ပါက လက်ရှိငြိမ်းချမ်းရေး ဆောင်ရွက်နေမှု လမ်းကြောင်းလွဲနိုင်ပါကြောင်း၊ စီမံကိန်းများကြောင့် သံလွင်မြစ်တစ်လျှောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပြီး ငလျင်လှုပ်ခတ်ပါက ဘေးအန္တရာယ်ကျ ရောက်လာမည်ကို လည်းဒေသခံများက အထူးစိုးရိမ်လျက်ရှိနေကြပါကြောင်း၊ ထိုမြစ်ရေ လွှဲပြောင်းသယ်ယူခြင်းကြောင့် အကျိုးခံစားခွင့်ရရှိကြမည်ဖြစ်သော်လည်း ဆိုးကျိုးခံစားရမည့် တိုင်းရင်းသားအရေးကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျွဲခန်းက မြန်မာနိုင်ငံ၏ အရှေ့ပိုင်း၊ အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် သစ်ပင်များ ပြန်လည်ရှင်သန်လာစေရန်

စာမျက်နှာ ၁၀ ကော်လံ ၅ သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို
ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၂၊ ၆၃ နှင့် ၆၄ တို့ကို ပယ်ဖျက်ရမည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅၊ ပုဒ်မခွဲ(c)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(c) ပြည်သူ့လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။"

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (c) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(c) အမျိုးသားလွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။"

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ တွင်-

(က) ပုဒ်မခွဲ (ခ)၏ ပုဒ်မခွဲငယ်(၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) xxxxxx

(၁) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထဲမှ ပုဒ်မခွဲ (က)ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊"

(ခ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းတို့ကိုစုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ သဘောတူညီချက်ရယူရမည်။"

(ဂ) ပုဒ်မခွဲ (စ)နှင့် (ဌ)တို့ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ည)၏ ပုဒ်မခွဲငယ် (၁)ကို ပယ်ဖျက်၍ ပုဒ်မခွဲငယ်(၂)ကို ပုဒ်မခွဲ(ည)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဒုတိယဝန်ကြီးအဖြစ်ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ တပ်မတော်သားဖြစ်ပါက ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ည)ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်စေရမည်။"

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၉ တွင်ပါရှိသော **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်"** ဆိုသည့်စကားရပ်ကို **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ၏ ပုဒ်မခွဲ(ခ)၊ (ဂ)၊ (ဃ)နှင့် (c)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်နိုင်ရန်-

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့်အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။

(၂) ဆန္ဒမဲဖြင့် ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

(ဂ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသောပုဂ္ဂိုလ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက်ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသောပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်ရှိစေရမည်။

(c) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်မရရှိသည့်ပုဂ္ဂိုလ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတထံ ထပ်မံတင်သွင်းခွင့်ရှိသည်။"

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (က)၏ ပုဒ်မခွဲငယ်(၁) နှင့် (၂)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) xxxxx

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။

(၂) လုံခြုံရေးရာနှင့်နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံရမည်။"

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (ခ)နှင့် (ည)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့်ပုဂ္ဂိုလ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကိုစုစည်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာတာဝန်များမှအပ အခြားတာဝန်များအတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။"

၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ တွင် -

(က) ပုဒ်မခွဲ(က)အောက်ပါအတိုင်းအစားထိုးရမည်-

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း သက်ဆိုင်ရာလွှတ်တော်မှ တစ်ဆင့် နိုင်ငံတော်သမ္မတထံစာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။"

(ခ) ပုဒ်မခွဲ(ခ)အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) xxxxx

(၁) လုပ်ငန်းတာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။ ခိုင်လုံသောအထောက်အထား အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို ငြင်းပယ်ခွင့်မရှိစေရ။"

၁၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော **"ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း"** ဆိုသည့် အစုခေါင်းစဉ်ကို **"ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စု တရားသူကြီးချုပ်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်း"** ဆိုသည့် အစုခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉ တွင် -

(က) ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် နှစ်ဦးအပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဦးရေ အနည်းဆုံးခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင်သည်။"

(ဂ) (၁) **နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဒုတိယပြည်ထောင်စု တရားသူကြီး တစ်ဦးစီရွေးချယ်ထားသည့်အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်။**

(၂) **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စုတရားသူကြီးချုပ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ မရှိကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တွင်ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဒုတိယအကြီးအမှူးများပါဝင်သည့်အဖွဲ့က စိစစ်ရမည်။**

(၃) **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော ပြည်ထောင်စုတရားသူကြီးချုပ် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ပြည်ထောင်စုတရားသူကြီးချုပ်လောင်းများဖြစ်သည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်သုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်သည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်တစ်ဦးကို ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ရမည်။**

(၄) **ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှစ်ဦးတို့ ညှိနှိုင်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။**

(၅) **ပုဒ်မ ၃၀၁တွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက်အထင်အရှားပေါ်ပေါက်ပါက ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများခန့်အပ်ရန် အမည်စာရင်းတင်သွင်းခံရသူများကို ငြင်းပယ်နိုင်ခွင့်ရှိစေရမည်။**

(၆) **ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့်ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။**

(၇) **နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များနှင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိသည့်ပုဂ္ဂိုလ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။"**

(ခ) ပုဒ်မခွဲ (ဃ)ကို ပယ်ဖျက်ရမည်။

၁၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀၀။(က) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်။

(ခ) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၁၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော **"ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အရည်အချင်းများ"** ဆိုသည့် အစုခေါင်းစဉ်ကို **"ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများ"** ဆိုသည့် အစုခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ တွင်-

(က) စာကိုယ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀၁။ပြည်ထောင်စုတရားသူကြီးချုပ်၊ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

တရားသူကြီးများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-''

(ခ) ပုဒ်မခွဲ (ဃ)၏ ပုဒ်မခွဲငယ်(၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ)(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယူဆသူ။''

၁၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော **''ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း''** ဆိုသည့် အစုခေါင်းစဉ်ကို **''ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း''** ဆိုသည့် အစုခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၂ တွင် -

(က) ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

''(က) နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်-''

(ခ) ပုဒ်မခွဲ(က) ၏ ပုဒ်မခွဲငယ် (၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

''(က) x x x x x

(၄) ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏အရည်အချင်း ပျက်ယွင်းခြင်း၊''

၁၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၂ တွင်-

(က) ပုဒ်မခွဲ(ခ)၏ပုဒ်မခွဲငယ် (၈) နှင့် (၉) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

''(ခ) x x x x x

(၈) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၃ဦးရေ၏ သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။

(၉) ယင်းသို့ တင်ပြအစီရင်ခံသည့်အခါ နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်။''

(ခ) ပုဒ်မခွဲ(ဂ)၏ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

''(ဂ) x x x x x

(၂) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည်မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအား ရာထူးမှ ရပ်စဲရမည်။''

၂၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

''၃၀၃။(က) ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ ရာထူးသက်တမ်းသည် အောက်ပါ

အကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည်-

(၁) မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊

(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊

(၄) ကွယ်လွန်ခြင်း။

(ခ) အဆိုဒ်ခွဲ(က)အရ ရာထူးသက်တမ်း ငါးနှစ်ကုန်ဆုံးသည့်အခါ ပြည်ထောင်စု တရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ပုဒ်မ ၃၀၃၊ ပုဒ်မခွဲ (က)ပါအကြောင်း တစ်ရပ်ရပ်အရ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအသစ်အား ဖြည့်စွက်ခန့်အပ် တာဝန်ပေးနိုင်သည်။ ထိုသို့ဖြည့်စွက် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး အသစ်၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၏ ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးသည်အထိ ဖြစ်စေရမည်။''

၂၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

''၃၁၂။(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ၏ ရာထူးသက်တမ်းသည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည်-

(၁) မိမိသဘောအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊

(၃) ဥပဒေအရ သတ်မှတ်သောဆေးအဖွဲ့၏စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊

(၄) ကွယ်လွန်ခြင်း။

(ခ) ပုဒ်မခွဲ(က)အရ ရာထူးသက်တမ်း ငါးနှစ် ကုန်ဆုံးသွားသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က)ပါ အကြောင်းတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးအသစ်များအား ဖြည့်စွက်ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ဖြည့်စွက်ခန့်အပ် တာဝန်ပေးခြင်းခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအသစ်များ၏ ရာထူးသက်တမ်းသည်လစ်လပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ ကျန်ရှိသည့်ရာထူးသက်တမ်း ကုန်ဆုံးသည်အထိသာ ဖြစ်စေရမည်။''

၂၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

''၃၂၁။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦး၊ စုစုပေါင်း ရွေးချယ်ထားသည့်အဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းရွေးချယ်ထားသည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။''

၂၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

''၃၂၄။ (က) ပုဒ်မ ၃၂၃ အရ ချမှတ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည် ဖြစ်သည်။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော အရေးကြီးသည့် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ ၃၂၄(က) အရ ချမှတ်သော ဆုံးဖြတ်ချက်မှအပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်စိစစ်ဆုံးဖြတ်ပေးရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တင်ပြလာလျှင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ပြန်လည်စိစစ်ဆုံးဖြတ်ပေးနိုင်သည်။''

၂၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ(ဃ)၏ ပုဒ်မခွဲငယ်(၄) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

''(ဃ)(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယူဆသူ။''

၂၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(ခ) ကိုပယ်ဖျက်ရမည်။

၂၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

''(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် အနည်းဆုံးခြောက်ဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။''

၂၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

''(က) ဥပဒေနှင့်အညီ လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပခြင်း၊''

၂၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂၊ ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ရမည်။

၂၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့် -

''(က) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၌ပါရှိသော အမှတ်စဉ်(၆)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(၆) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊

(၇) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊

(၈) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊

(၈၊) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်း ပြည်ပမှ ငွေချေးယူခြင်း၊

(ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်းရယူခြင်း၊

(ဒ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့ ရယူခြင်း။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

(ခ) စီးပွားရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(၇)၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(၁) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊

(၂) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်း။

(ဂ) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(၁) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊

(၂) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ် စာတမ်းမှတ်ပုံတင်ခြင်း၊

(၃) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်း၊

(၄) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ် ကမ်းနီးငါးလုပ်ငန်း၊

(၅) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့် မိုးလေဝသလုပ်ငန်း။

(ဃ) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၌ပါရှိသော အမှတ်စဉ်(၈)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(၁) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သော သယံဇာတများကို အချိုးအစားသတ်မှတ်ပေးရေး၊

(၂) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊

(၃) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်းအလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊

(၄) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊

(၅) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁) အမျိုးအစားတွင်ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သဃန်းနက်၊ တမလန်းမှအပ ကျွန်သစ်များ၊

(၆) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီမံခန့်ခွဲခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး။

(င) စက်မှုလက်မှုကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ခ)၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(၁) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။

(စ) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(၇)၏အောက်တွင် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

(ဃ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊

(င) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေအရင်းအမြစ်နှင့် မြစ်ရောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) ပြည်ထောင်စုက စီမံခန့်ခွဲသည့်လုပ်ငန်းများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ခွင့်ရှိသော စက်လှေနှင့်သင်္ဘောငယ်များတည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊

(ဆ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူ ပို့ဆောင်ရေး၊

(ဇ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများ။

(ဆ) လူမှုရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(၁) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာကျောင်းများ၊ စီမံရေးကိစ္စရပ်များ၊

(၂) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊

(၃) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊

(၄) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊

(၅) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊

(၆) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သာဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ။

(ဇ) စီမံခန့်ခွဲရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(၇)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဃ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ယစ်မျိုးစီမံခန့်ခွဲခွင့်ဆိုင်ရာ ကိစ္စရပ်များ၊

(င) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။

၃၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၅)တွင် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများ စာရင်းခွဲပါရှိသော အမှတ်စဉ် ၁၉ ၏ အောက်တွင် အောက်ပါတို့ကို ဖြည့်စွက်ရမည်-

"၂၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာ အခွန်အခများ၊

၂၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာအခွန်အခများ၊

၂၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊

၂၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန်ဆိုင်ရာအခွန်အခများ၊

၂၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊

၂၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ် စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊

၂၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ၊

၃၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊

၃၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊

၃၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု (၁) အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သဃန်းနက်၊ တမလန်းမှအပ ကျွန်သစ်အမျိုးအစားများနှင့်သက်ဆိုင်သည့် အခွန်အခများ၊

၃၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၃၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊

၃၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူ ပို့ဆောင်ရေးဆိုင်ရာအခွန်အခများ၊

၃၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊

၃၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊

၃၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊

၃၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သာဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများ။"

မြန်မာ့အသံ ရေဒီယိုနှင့်ပုဂ္ဂလိက FM ရေဒီယိုများ၏ ထုတ်လွှင့်မှုများတွင် အများပြည်သူနားဆင်ရန်မသင့်သည့် အသုံးအနှုန်းများထုတ်လွှင့်ပါက တိုင်ကြားနိုင်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် FM ရေဒီယိုစနစ်ဖြင့်အစီအစဉ်များ ထုတ်လွှင့်ခြင်းအတွက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် ချယ်ရီ FM မှအပတ်စဉ် အင်္ဂါနေ့ နံနက် ၉ နာရီမှ ၉ နာရီခွဲ၊ သောကြာနေ့ညနေ ၆ နာရီမှ ၆ နာရီ ၄၅ မိနစ်တို့တွင် ထုတ်လွှင့်နေသည့် Happy Time အစီအစဉ်တွင် အစီအစဉ်တင်ဆက်သူ အမျိုးသားက ဖုန်းဆက်စကားပြောသည့် အမျိုးသမီးများအား အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်သည့် စကားများဖြင့် ပြောဆိုမှုသည် အများပြည်သူနားထောင်ရန် မသင့်တော်ကြောင်း၊ ဖုန်းဆက်သူများအထဲတွင် အသက်မပြည့်သေးသည့် ကလေးငယ်များပါနိုင်ပြီး ထိုကလေးငယ်များအပေါ် အခွင့်အရေးယူသလိုဖြစ်နိုင်ပါကြောင်း တိုင်ကြားလာသဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက စိစစ်မှုများပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် မြန်မာ့အသံ၊ ချယ်ရီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဋ္ဌဝတီ FM နှင့် မန္တလေး FM များ၏အစီအစဉ်များတွင် အများပြည်သူနားဆင်ရန်မသင့်သော ပြောကြားချက်များ၊လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားဆက်ဆံရာရောက်သော၊ အမျိုးသမီး၊ ကလေးငယ်များနှင့် မသန်စွမ်းသူများအပေါ် နှိမ့်ချရာရောက်သော၊ အခွင့်အရေးယူရာရောက်သော အသုံးအနှုန်းများပါဝင်ကြောင်း တွေ့ရှိပါက အောက်ဖော်ပြပါ လိပ်စာများသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

၁။ ဒုတိယအမြဲတမ်းအတွင်းဝန်	-	၀၆၇-၄၁၂၃၃(ဖုန်း)
ပြည်ထောင်စုဝန်ကြီးရုံး		၀၆၇-၄၁၂၀၁(ဖက်စ်)
၂။ ညွှန်ကြားရေးမှူးချုပ်	-	၀၆၇-၇၉၄၅၆(ဖုန်း)
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား	-	၀၆၇-၇၉၄၇၃(ဖက်စ်)
၃။ ညွှန်ကြားရေးမှူး(အသံလွှင့်)		၀၆၇-၇၉၂၁၂(ဖုန်း)
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား	-	၀၆၇-၇၉၂၀၅(ဖက်စ်)

Email-zeyar.mrtv-3@gmail.com

ပြန်ကြားရေးဝန်ကြီးဌာန

၁၁-၆-၂၀၁၅ ရက်နေ့ မြန်မာ့အလင်း၊ ကြေးမုံ နေ့စဉ်ထုတ် သတင်းစာများတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူများသိရှိ လေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဥပဒေကြမ်းအားလေ့လာရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းပါ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ချက်ဇယားကို အခန်း ဆက်ဖော်ပြသွားမည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပြင်ဆင်သည့် ဥပဒေကြမ်း နှိုင်းယှဉ်ဇယား

စဉ်	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း	မှတ်ချက်
၁	ပုဒ်မ ၅၉ (ဃ) နိုင်ငံတော်အရေးအရာများ ဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စသည့်အမြင်များ ရှိရမည်၊	ပုဒ်မ ၅၉ (ဃ) နိုင်ငံတော်အရေးအရာများ ဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး စသည့် အမြင်များရှိရမည်။	
၂	ပုဒ်မ ၅၉ (စ) မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီးတစ်ဦးဦး သော်လည်းကောင်း၊ တိုတရားဝင်သားသမီးတစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာ ဆောင် ကို ခံယူ ဧာဝင့်ရှောက်ရှိသော သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့် ရှိသူများမဖြစ်စေရ၊	ပုဒ်မ ၅၉ (စ) မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီးတစ်ဦးဦး သော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူဧာဝင့်ရှောက် ရှိသော သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသား ဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့် ရှိသူများ မဖြစ်စေရ။	
၃	ပုဒ်မ ၆၀ (ဂ) ယင်းအစုအဖွဲ့ တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှ ဖြစ်စေ ရွေးချယ်တင်မြှောက်ရမည်၊	ပုဒ်မ ၆၀ (ဂ) ယင်းအစုအဖွဲ့ တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို ပြည်ထောင်စု လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်တင်မြှောက်ရမည်။	
၄	ပုဒ်မ ၄၁၈ (ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဧည့်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန် ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။	ပုဒ်မ ၄၁၈ (ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်နေ့ရက်မှစ၍ ထူးခြားသော အခြေအနေကို ဖြေရှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြွင်းချက်ပြုပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။	
၅	ပုဒ်မ ၄၃၆ (က) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၇ မှ ၅၆ ထိ၊ အခန်း(၃)ပုဒ်မ ၇၄၊ ၁၀၅၊ ၁၄၁၊ ၁၆၁၊ အခန်း(၅)ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၀၊ ၃၂၀ မှ ၃၂၂ ထိ၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်၊	ပုဒ်မ ၄၃၆ (က) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၇ မှ ၅၆ ထိ၊ အခန်း(၃)ပုဒ်မ ၇၄၊ ၁၀၅၊ ၁၄၁၊ ၁၆၁၊ အခန်း(၅)ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၀၊ ၃၂၀ မှ ၃၂၂ ထိ၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များ ကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်နွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ်ရာခိုင်နှုန်းအောက်မလျှော့သော လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲ ပေးသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။	
၆	ပုဒ်မ ၄၃၆ (ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားယည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။	ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်နွင့်ရှိသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ခုနစ်ဆယ်ရာခိုင်နှုန်းအောက် မလျှော့သော လွှတ်တော် ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။	

(ဆက်လက်ဖော်ပြပါမည်)

ပြည်သူ့လွှတ်တော်မှ

နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးပေါခင်၏ **ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် သိမ်းဆည်းခံရသော ပြင်စည်ကျေးရွာ ကွင်းအမှတ် (၇၅၀/က)၊ ဦးပိုင်အမှတ် (၉၀)၊ ဧရိယာ (၄ ဒသမ ၅၂) ဧကကို မူလပိုင်ရှင်မှ ဆုံးရှုံးပြီးကြား လူတစ်ယောက်က အကျိုးခံစားခွင့်ရရှိနေခြင်းကို မူလပိုင်ရှင်အား နစ်နာဆုံးရှုံးမှု မရှိစေရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇင်မြင့်က ပြင်စည်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် အဆိုပါ အငြင်းပွားမှုအား မူလမြေယာမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် နှစ်ဖက်အငြင်းပွားသူများနှင့် သက်သေများအား စစ်ဆေးခဲ့သည့်အပြင် အချင်းဖြစ်မြေနေရာသို့ ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အရ အချင်းဖြစ်မြေ ၄ ဒသမ ၅၂ ဧက အနက် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသော ၃ ဒသမ ၁၇ ဧက ကိုသာ ဦးအောင်ဝင်းအား လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားစေလျက် ဆက်လက်လုပ်ကိုင် ခွင့်ပြုရန်၊ ၀ ဒသမ ၉၂ ဧကကို လမ်းမြေကျင်း (ချောက်) ဧရိယာအဖြစ် ထားရှိရန်နှင့် ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေ အခြားနည်း အသုံးပြုထားသည့် မြေ ၀ ဒသမ ၄၃ ဧကကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

အဆိုပါလယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုအား မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်တို့မှ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည့်အပြင် လယ်ယာမြေဥပဒေအရ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်သင့်ပါကြောင်း၊ သစ်ပင်များ ပြန်လည်ရှင်သန်ခြင်းဖြင့် မြစ်ရေများနွေရာသီတွင် ရေလျှော့နည်းခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြည်ပထောက်ပံ့ငွေ၊ ချေးငွေအကူအညီနှင့် ခေတ်မီကျွမ်းကျင်မှုနည်းပညာ အကူအညီရယူ၍ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သရွေ့ အချိန်နှင့်အမျှ လက်တွေ့ကျသည့် အကျိုး

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းစံမင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုကောင်းမွန်လာပြီး မြစ်ရေများ ပိုမိုများပြားလာမည်ဖြစ်သဖြင့် မြစ်ရေလွှဲပြောင်း သယ်ယူရေးစီမံကိန်းအား လတ်တလောဆောင်ရွက်ရန် မသင့်သေးပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ယခင်ဆောင်ရွက်ပြီးစီးခဲ့သည့် ဆည်ရေသောက်စနစ်များ မွမ်းမံပြင်ဆင်ခြင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် ဆည်မြောင်းစီမံကိန်းများ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး မြစ်ရေတင်လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်း၊ မြေအောက်ရေဖော်ထုတ်အသုံးပြုခြင်း စသည့်လုပ်ငန်းများကို နိုင်ငံတော်၏ အရင်းအနှီးနှင့်အတူ သက်ရောက်မှုများ ရရှိနိုင်ပါသဖြင့် ဦးစွာပထမအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ စိုက်ပျိုးရေနှင့် သောက်သုံးရေထပ်မံတိုးတက်ရရှိရန် လိုအပ်လာပါက သံလွင်မြစ်တစ်လျှောက် ဆောင်ရွက်ရန် လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်းများ စူးစမ်းလေ့လာခြင်းတွင် စိုက်ပျိုးရေ သယ်ယူရရှိနိုင်မည့် အလားအလာများကိုပါ ထည့်သွင်းလေ့လာသွားပြီး အဆိုအား နှစ်ရှည်မဟာစီမံကိန်းအဖြစ် ဆက်လက်ဆောင်ရွက်သွားသင့်ပါသဖြင့် လတ်တလောအခြေအနေတွင် မှတ်တမ်းတင်ထားရှိသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူရာအဆိုအား လွှတ်တော်က အတည်မပြုကြောင်း ကြေညာခဲ့သည်။

(သတင်းစဉ်)

(၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲ လူပ်ရှားမှုပုံရိပ်များ

ဘိလိယက်၊ စနူကာအဖွဲ့နှင့် လက်ဝှေ့အဖွဲ့တို့ ပြန်လည်ရောက်ရှိ

ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့ဂုဏ်ဆောင်ပြိုင်ပွဲဝင်အားကစားသမားများကို ပန်းစည်းများကမ်းလှမ်း၍ ကြိုဆိုနေစဉ်။ ဓာတ်ပုံ-မိုးမခ

ရန်ကုန် ဇွန် ၁၁

စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များရရှိခဲ့သော ဘိလိယက်၊ စနူကာ အားကစားအဖွဲ့နှင့် လက်ဝှေ့အဖွဲ့တို့ ယနေ့ညနေ ၃နာရီ ၂၅ မိနစ်အား ကစားအဖွဲ့နှင့် လက်ဝှေ့အဖွဲ့ တို့ ယနေ့ညနေ ၃နာရီ ၂၅ မိနစ် ခန့်ကပူလေကြောင်းလိုင်းမှ 8M 232 လေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

ယခုရောက်ရှိလာသည့် ပြိုင်ပွဲဝင် ဆုရအားကစားသမားများတွင် လက်ဝှေ့အားကစားနည်း၌ အမျိုးသား ၅၆ ကီလို ဘင်တန်ဝိတ်တန်းပြိုင်ပွဲတွင် နိုင်လတ်၊ ၅၂ ကီလို ဖလိုင်းဝိတ်တန်းတွင် မောင်ငယ်၊ ၇၅ ကီလို မစ်ဒယ်လ်ဝိတ်တန်းတွင် အောင်ကိုကိုနှင့် အမျိုးသမီး ၅၄ ကီလို ဘင်တန်ဝိတ်တန်းတွင် နွယ်နီဦး၊ ၅၇ ကီလို ဖယ်သာဝိတ်တန်းတွင် ဘေရိုနီကာတို့က ကြေးတံဆိပ်များ အသီးသီးဆွတ်ခူးပေးခဲ့ကာ အလားတူ ပြေးခုန်ပစ် အမျိုးသား မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင်လည်း ဆန်းနိုင်က ကြေးတံဆိပ်တစ်ခု ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့နှင့်အတူ ပြေးခုန်ပစ်အားကစားနည်းမှ နှစ်ဦး၊ ကျွမ်းဘားအားကစားနည်းမှ ခုနစ်ဦးနှင့် အပြည်ပြည်ဆိုင်ရာလေမှတစ်ဦးတို့ ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲတွင် ငွေဆုရရှိခဲ့သည့် အောင်ကိုမင်း ဆုလက်ခံယူနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ဆီးဂိမ်းပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသည့် အားကစားသမားများ။ ဓာတ်ပုံ-စိုးညွန့်

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုဇယား

၁၁-၆-၂၀၁၅

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	စင်ကာပူ	၆၆	၅၈	၆၉	၁၉၃
၂	ဗီယက်နမ်	၅၇	၃၁	၅၀	၁၃၈
၃	ထိုင်း	၅၅	၆၂	၄၉	၁၆၆
၄	မလေးရှား	၃၂	၃၃	၄၃	၁၀၈
၅	အင်ဒိုနီးရှား	၂၉	၃၄	၄၆	၁၀၉
၆	ဖိလစ်ပိုင်	၂၂	၂၇	၄၁	၉၀
၇	မြန်မာ	၁၁	၂၁	၂၅	၅၇
၈	ကမ္ဘောဒီးယား	၁	၄	၅	၁၀
၉	လာအို	၀	၃	၁၃	၁၆
၁၀	ဘရူနိုင်း	၀	၀	၅	၅
၁၁	တီမောလက်စ်တေ	၀	၀	၁	၁

ဇွန် ၁၁ ရက် ည ၉ နာရီတွင်ရရှိသည့် ဆုရစာရင်းဖြစ်သည်။

ကားလိုင်စင်ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျားမောင်(အမျိုးသားလွတ်တော်ကိုယ်စားလှယ်) ၆/မအရ(နိုင်)၀၃၁၃၂ ပိုင်ဆိုင်သော MARK II Saloon (4C/6428) မော်တော်ယာဉ်၏လိုင်စင်နှင့် စာရွက်စာတမ်းများသည် ကျွန်တော်၏ မြေးဖြစ်သူ မောင်ရဲလင်း ကားဆေးပြီးအပြန် ပျောက်ဆုံးသွားပါသဖြင့် လက်ခံရရှိထားသူမှ ပြန်လည်ပေးအပ်ပါက ကျေးဇူးဆပ်ပါမည်။ အကယ်၍ ပိုင်ရှင်မသိရှိဘဲ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်းများ ပြုလုပ်ထားပါက တရားဥပဒေအရ အရေးယူပါမည်။ **ဖုန်း-၀၉-၅၀၁၉၀၆၆၊ ၀၉-၈၇၆၉၃၃၅**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျွန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပလတ်စတစ်အိမ်သာခွက်နှင့် ပုဂ်အစုံတို့ကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလျှောက်ထားစုံစမ်း စတင်ရောင်းချမည့်ရက် - ၁၇-၆-၂၀၁၅ရက်
တင်ဒါဝိတ်မည့်ရက်နှင့်အချိန် - ၁၆-၇-၂၀၁၅ရက် မွန်းလွဲ ၂ နာရီ

ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇

ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်တွက်အမှတ် (၆/ဒီ)၊ (၁၄၊၁၅၊၁၆)၊ မြေကွက်အမှတ် (၂၃၇)၊ ဧရိယာ (၀.၀၇၉)၊ မြေကွက်တည်နေရာအမှတ် (၁၂၃)၊ မဟာသုဒိတာလမ်း၊ အရှေ့ကြိုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (အစိုးရ) အမည်ပေါက် အစိုးရ မြေအား ဦးသန်းဝင်းနိုင် (၅/ကလထ (နိုင်)၀၀၀၄၉၆)၊ ခေါ်မာလာဝင်း (၅/ကလထ(နိုင်)၀၀၂၇၅)တို့က အရပ်တကာ အရောင်းအဝယ်စာချုပ်တင်ပြခဲ့ အထူးဝန်ဆောင်ခနှုန်းဖြင့် ဝယ်နိုင်ရန် ထားလာရာ ဌာနမှ မြေချပါမစ် ဆောင်ရွက် ပေးမည်ဖြစ်သဖြင့် တရားဝင်ပိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခွင့်ပြုခဲ့သော ရန်ကုန်တိုင်းအတွင်း တည်ဆောက်မည့် 33KV ကောင်းကင်လိုင်းများအား 33KV Insulated Cable ဖြင့် တည်ဆောက်ရန်အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(ပစ္စည်းလက်ဝယ်ရှိသူကိုသာဦးစားပေးမည်။)

တင်ဒါပုံစံစတင်ရောင်းမည့်ရက် - ၁၂-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း၀ယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊
ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့
အမှတ် ၁၉၇/၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ဖုန်း-၀၁-၂၂၀၈၁၆

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၉၃၈၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှာသာကြီး)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၄၅၇၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှာသာကြီး)**

■ *ကျောက်ဖုံးမှ*

(အဖြူရောင်သွေးသစ်) သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် စောအယ်လေး(ထော့မဲပါ)ကို ဒုတိယအချီ ၂၀ စက္ကန့်မှာပင် ဘယ်ဝိုက်လက်သီးဖြင့် အလဲထိုးအနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ယခုထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင်ထိုးသတ်ရမည့် ဖျံသွေး (ဝါဆို)နှင့် စိုးထက်ဦး(အဖြူရောင်သွေးသစ်) တို့သည် လက်ဝှေ့ ဝါသနာရှင်ပရိသတ်များ ကြည့်ကောင်းမည့် ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲ၏ ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

"လာမယ့် နောက်ဆုံးဗိုလ်လုပွဲ တွေ့ကတော့ ခုနစ်ပွဲလုံးကွာတားဖိုင် နယ်ပွဲတွေမှာ အလဲထိုးနဲ့ ကျော်ဖြတ်လာကြတာဆိုတော့ ကြည့်ကောင်းမှာပါ။ အခုလိုဗိုလ်လုပွဲ တက်လာတဲ့သူတွေဟာ သတ်လုံး သတ်ကွက်ကောင်းတဲ့အပြင် ဇွဲကောင်း အသည်းမာတဲ့သူတွေ ဖြစ်ကြတယ်။ ဖျံသွေးနဲ့ စိုးထက်ဦးတို့ ပွဲကောင်းသလို၊ ထက်အောင်ဦးနဲ့ သွေးသစ်အောင်တို့ပွဲကလည်း ရေကုန်ရေခန်း အချိန်ပြည့် ထိုးသတ်ရမယ့် ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်လာမယ်လို့ ထင်ပါတယ်။ နောက်ဆုံး ရွှေခါးပတ်လုပွဲ ဆိုတော့ ပွဲတိုင်းကတော့ အရည်အချင်းရှိတဲ့သူတွေ တက်လာတာ ဘယ်ပွဲကိုမှတော့ အရုံး/အနိုင် ကြိုတင် တစ်ထစ်ချ ပြောလို့မရသေးဘူး"ဟု ရွှေခါးပတ်ချန်ပီယံလုပွဲကြီး ၂၀၁၅ ကို ပွဲစဉ်စကတည်းက မလွတ်တမ်းကြည့်ရှုခဲ့သည့် လက်ဝှေ့ဝါသနာရှင် ကိုမြင့်နိုင်က လာမည့် ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲများနှင့်ပတ်သက်၍ သုံးသပ်ပြောကြားသည်။

ဇွန် ၁၄ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ သိမ်ဖြူ လက်ဝှေ့အားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်မည့် ရွှေခါးပတ်ချန်ပီယံ ၂၀၁၅ ဗိုလ်လုပွဲများမှာ ၇၁ ကီလိုတန်းတွင် ဖျံသွေး(ဝါဆို)နှင့် စိုးထက်ဦး(အဖြူရောင်သွေးသစ်)၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် အားမာန်(အဖြူရောင်သွေးသစ်)၊ ၆၇ ကီလိုတန်းတွင် ထက်အောင်ဦး(တောင်ကလေး)နှင့် သွေးသစ်အောင် (ရွှေကုက္ကိုလ်)၊ ၆၀ ကီလိုတန်းတွင် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်) နှင့် စောထူးဇော်(ဒို့ရိုးရာ)၊ ၅၇ ကီလိုတန်းတွင် မိုက်ရိုင်းလေး(ရွှေဖူး)နှင့် မိုးဟိန်း(ဘိလပ်မြေစက်ရုံ)၊ ၅၄ ကီလိုတန်းတွင် စောဖြိုးဝေ (အဖြူရောင်သွေးသစ်)နှင့် ရွှေချစ်သွေး(တိုက်ဂါး)၊ ၅၁ ကီလိုတန်းတွင် ရဲသွေးနီ(တောင်ကလေး)နှင့် တိမ်တိုက်(မုဒုံသား)တို့ယှဉ်ပြိုင်ထိုးသတ်ကြရမည်ဖြစ်သည်။

နောက်ဆုံး ဗိုလ်လုပွဲဖြစ်သည့် ရွှေခါးပတ်လုပွဲ ၂၀၁၅ ၏ နောက်ဆုံးနေ့တွင် လာရောက်ကြည့်ရှုသည့် လက်ဝှေ့ဝါသနာရှင် ပြည်သူများအတွက် လေးချိပ်ပွဲ လေးပွဲကိုလည်း ထပ်မံထည့်သွင်းယှဉ်ပြိုင်ထိုးသတ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ပွဲစီစဉ်သူထံမှ သိရသည်။

(မြန်မာ့အလင်း)

❒ *ရှေ့ဖုံးမှ*

အလုံးစုံဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ကမ်းကပ်ခုံနှစ်ခုနှင့် ရေလယ်တိုင်များအားလုံး ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ပင်မတံတားအရှည် အပေါ်ထည်လုပ်ငန်းများဖြစ်သော မီတာ ၂၄၀ ကို Twin Steel Box Girder တပ်ဆင်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ Plate Girder သံပေါင် တပ်ဆင်ခြင်းအရ သုဝဏ္ဏဘက်ကမ်းမှ မီတာ ၃၀ အခန်းနှင့် သာကေတဘက်ခြမ်းမှ မီတာ ၃၀ အခန်းတို့မှာလည်း အလုံးစုံ တပ်ဆင်ဆောင်ရွက်ပြီးစီး သွားပြီဖြစ်ပြီး သာကေတဘက်ခြမ်း၌ RC ကွန်ကရစ်ဖြင့် ဆောင်ရွက်ထားသော အရှည်မီတာ ၂၀ အခန်းသုံးခန်းမှာလည်း အလုံးစုံဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ တံတားသစ်၏ ယာဉ်သွားလမ်းအကျယ်မှာ ၈ ဒသမ ၆ မီတာရှိပြီး နှစ်လမ်းသွားမောင်းနှင်၍ ရမည်ဖြစ်ကာတံတား၏ ဝဲယာဘေး တစ်ဖက်တစ်ချက်စီ၌ လူသွားလမ်း အကျယ် ၂ မီတာစီ ပါဝင်ကြောင်း သိရသည်။ မော်တော်ယာဉ် တစ်စီးချင်း တံတားခံနိုင်ဝန်အလေးချိန်မှာ ၇၅ တန် ခံနိုင်ရည်ရှိပြီး ရေလမ်းကင်းလွတ်အကျယ်မီတာ ၁၀၀ ရှိကာ ရေလမ်းကင်းလွတ်အမြင့်ကို အမြင့်ဆုံးရေမှတ်မှ ၅ ဒသမ ၉၉ မီတာ ဆောင်ရွက်ထားရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသော Crown Advance Construction ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးသန်းဆွေက "တံတားကြီး ပြီးစီးသွားရင်တော့ ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းလို့ ရနိုင်တော့မှာပါ။ ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ တည်ဆောက်ခဲ့တဲ့ သုဝဏ္ဏတံတားဟောင်း အဝင်အထွက်မှာဆိုရင် လေးလမ်းသွားကနေ နှစ်လမ်းသွားကိုဝင်ရတဲ့အခါမှာ လက်ရှိမှာကို ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်နေပါတယ်။ သာကေတဘက်ခြမ်းကဆိုရင်လည်း တံတားထိပ်မှာပဲ ယာဉ်ကြောကျပ်နေပါတယ်။ ဒီတံတားသစ်ကြီးပြီးစီးသွားလို့ တံတားနှစ်စင်းဖြစ်ပြီဆိုရင် တံတားတစ်ဖက်စီကို ယာဉ်သယ်နိုးကျွန်းမြို့နယ် (သုဝဏ္ဏ)နှင့် သာကေတမြို့နယ်တို့အား ဆက်သွယ်ထားသော ငမိုးရိပ်တံတား(သုဝဏ္ဏ)အသစ် ဆောင်ရွက်ပြီးစီးပါက သာကေတဘက်မှ သုဝဏ္ဏဘက်သို့ သွားမည့်ယာဉ်များအတွက် နှစ်လမ်းသွားတံတားအသစ်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ခဲ့သည့် လက်ရှိအသုံးပြုလျက်ရှိသော ငမိုးရိပ်တံတား (သုဝဏ္ဏ)ဟောင်းကို သုဝဏ္ဏဘက်မှ သာကေတဘက်သို့ သွားမည့်ယာဉ်များအတွက် နှစ်လမ်းသွားတံတားအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါ တံတားအသစ် စီမံကိန်း ပြီးစီးပါက ယာဉ်ကြောကျပ်တည်းမှုကို ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

တံတားအသစ်စီမံကိန်းကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်က စတင်တည် ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ငမိုးရိပ်တံတား(သုဝဏ္ဏ)အသစ်တည်ဆောက်ရေး စီမံကိန်းမှ သိရသည်။

စိုးဝင်း(SP)

Elite ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်တိမ်းမှောက်၍ သေဆုံး/ဒဏ်ရာရှိပြုအပေါ် ယာဉ်လိုင်းနှင့် ယာဉ်မောင်းသူတို့အား ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၁

ရန်ကုန်မှ ပြင်ဦးလွင်သို့ ခရီးသည် ၃၅ ဦးတင်ဆောင် ထွက်ခွာလာသော Elite ယာဉ်အမှတ် 2G/----သည် မေ ၃၀ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၅၇/၀)၌ တံတားဦး အဝိုင်းပတ် အုတ်ခုံကို တိုက်မိပြီးတိမ်းမှောက်ခဲ့မှုကြောင့် ယာဉ်ပေါ်ပါခရီးသည်များအနက် ငါးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်မှု၊ လူသေဆုံးမှု၊ ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားရာ နယ်မြေဖြစ်သော မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ကြောင်း၊ နောင်တွင် အလားတူဖြစ်ရပ်များ ထပ်မံမဖြစ်ပွားအောင် ထိရောက်ပြစ်ဒဏ်များအဖြစ်ယာဉ်လိုင်းအပေါ် အရေးယူခြင်း၊ ယာဉ်မောင်းလိုင်စင်ပိတ်သိမ်းခြင်းကိစ္စများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပေါ်စေရန်ကြိုတင်သတိပေးစနစ်အဖြစ် တံတားဦးအဝိုင်း မရောက်မီပေ ၁၀၀၀ အလိုတွင် ကားအရှိန်လျှော့မောင်းရန် နှစ်နေရာခန့် အသံမြည်ဆေးလိုင်းဖြူများ(Rumble Stripe)ဆွဲပြီးယာဉ်အရှိန်လျှော့ရန် သတိပေးခြင်း၊ ထိုနှစ်နေရာစလုံးတွင် သတိပေး(မီးဝါ)တပ်ဆင်ပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲ မြန်မာနှင့် လာအို သရေကျ

၂၀၁၅ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(ဆ)ပွဲစဉ်များကို လာအိုနိုင်ငံ၌ ယနေ့ညပိုင်းတွင် ကျင်းပရာ မြန်မာနှင့် လာအိုတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျကာ တစ်မှတ်စီခွဲယူခဲ့ရသည်။

မြန်မာအသင်းအတွက် ဂိုးများကို ၄၂ မိနစ်တွင် ဇော်မင်းထွန်းနှင့် ၈၇ မိနစ်တွင် ကျော်ဇေယျာဝင်းတို့က သွင်းယူခဲ့သည်။ လာအိုအသင်းအတွက် ဂိုးများကို ဆာရာဗတ်သီက ၈၁ မိနစ်တွင် ပယ်နယ်တီမှ တစ်ဂိုးနှင့် ၈၄ မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဇွန် ၁၆ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ထိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရန်စိုး**

ယူ-၂၀ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် အနိုင်အရှုံး

ဩစတြေးယား	၀	-	၂	ဥဇဘတ်ကစ္စတန်
ပေါ်တူဂီ	၂	-	၁	နယူးဇီလန်
ဂျာမနီ	၁	-	၀	နိုင်ဂျီးရီးယား
ဘရာဇီး	၅	-	၄	ဥရုဂွေး (ပယ်နယ်တီဆုံးဖြတ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (Office Renovation)

၁။ မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီ၏ လက်ရှိ ရုံးခန်းအဆောက်အအုံအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်သော ပြုပြင်ထိန်းသိမ်းရေးများ (Office Renovation) ပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၆-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၁၉-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီ အမှတ်(၂၁/၂၅)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ့စီးပွားရေးဘဏ်၊ ပထမထပ်၊ ဖုန်း-၀၁-၃၈၇၀၃၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပိုးလောက်လန်းသတ်ဆေး (Abate)ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ	- ၁၇-၆-၂၀၁၅ ရက်
စတင်ရောင်းချမည့်ရက်	
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၁၆-၇-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀နာရီ
ဆက်သွယ်ရန်ဖုန်း	- ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇

ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အမည်မှန်

ဦးမြဟိန်း ၁/ကမန(နိုင်)၀၀၄၆၅၃၈၏ သမီး ဖားကန့်မြို့နယ် ယူမာကျေးရွာ အမက(မူလွန်)ကျောင်း ဆဌမတန်း(အောင်)မှ မစန်းစန်းကြည်၏အမည်မှန်မှာ မဂျာစင်နန်ဖြစ်ပါကြောင်း။ **မဂျာစင်နန်**

တစ်ဦးတည်းဖြစ်ပါကြောင်း

အမ ဦးရဲလွင်မြင့် အမိ ခေါ်ခင်စောနွယ်တို့၏သမီးဖြစ်သူ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အ. ထ. က(၃) နေ၀တန်း(A)မှ မချစ်ဆုအိမ်နှင့် မရွှန်းလက်ရွယ်မြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ရေခဲမုန့်၊Snackဟျော်ရည်၊သစ်သီးယိုမုန့်ဖုတ်သင်တန်း

ဂျယ်လီ ၊ ငါးမုန့် ၊ ဆောစံ ၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်

EAC

76, ပုဇွန်ကုန်းလမ်းအောက်ပိုင်းကုန်းပေါ် ဘောဂရယ်ကုက်ကြည့်ရှုပြင်တိုင်း 0973071901

ရန်ကုန်တိုင်းတော်ဝန် သင်တန်း၂ဌာန = ၇၂ လမ်းအေးပန္နဝေလမ်း 02-31505 09 42174 5522, 01-215072

မွန်ပြည်နယ်၊ လမ်းဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်/ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်/ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော ကတ္တရာနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က)	**တင်ဒါလျှောက်လွှာ ရယူနိုင်သည့်ရက်**	- ၁၂-၆-၂၀၁၅ ရက် (သောကြာနေ့)
(ခ)	**တင်ဒါလျှောက်လွှာ ရယူနိုင်သည့်နေရာ**	- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။
(ဂ)	**တင်ဒါလျှောက်လွှာပိတ်မည့်ရက်**	- ၁၉-၆-၂၀၁၅ ရက် (သောကြာနေ့)
	အချိန်	- နံနက် ၁၀း၀၀နာရီ
(ဃ)	**တင်ဒါဖွင့်မည့်ရက်**	- ၁၉-၆-၂၀၁၅ ရက် (သောကြာနေ့)
	အချိန်	- နံနက် ၁၀း၀၀နာရီ
(င)	**တင်ဒါဖွင့်မည့်နေရာ**	- ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၅၇-၂၄၇၅၉

မွေးသက္ကရာဇ်အမှန်

ဦးနိုင်လင်း၏သား နေပြည်တော်၊ ဇမ္ဗူသီရိမြို့ အလက(၃) အထက်တန်းကျောင်းခွဲ စတုတ္ထတန်း(က)မှ မောင်သာဟိန်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၈-၂၀၀၅ ဖြစ်ပါသည်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော် မထသ(မြို့တွင်း)မှ အတွင်းရေးမှူးဦးကျော်ဦး-ခေါ်အေးအေးသန့်တို့၏သား မောင်သန့်ဇင်ထက်သည် ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအား ခုံအမှတ်(မလ-၄၅၁)ဖြင့် ဝင်ရောက်ဖြေဆိုရာ ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ပြီး ရမှတ်ပေါင်း ၅၃၄ မှတ်ရရှိခဲ့သည့်အတွက် မိသားစုနှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်ပွဲဆင်နိုင်ရန် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် သင်ကြားပြသပေးခဲ့သော မိသားစုဘော်ဒါ(မလှိုင်)မြို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ဥက္ကဋ္ဌ၊ ကော်မတီဝင်နှင့်ဝန်ထမ်းမိသားစု
နေပြည်တော်၊ မထသ(မြို့တွင်း)

မွန်ပြည်နယ်၊ သထုံခရိုင်
လမ်းဦးစီးဌာန

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ သထုံခရိုင်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တာဝန်ယူဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောကတ္တရာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင် ကြောင်း ကြေညာအသိပေးအပ်ပါသည်။

(က)	**တင်ဒါလျှောက်လွှာ ရယူနိုင်သည့်ရက်**	- ၁၂-၆-၂၀၁၅ရက် (သောကြာနေ့)
	နေရာ	- လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊သထုံခရိုင်-သထုံမြို့၊
(ခ)	**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်**	- ၁၉-၆-၂၀၁၅ရက် (သောကြာနေ့)
(ဂ)	**တင်ဒါလျှောက်လွှာ ဖွင့်မည့်ရက်**	- ၁၉-၆-၂၀၁၅ရက် (သောကြာနေ့)
	အချိန်	- နံနက် ၁၀း၀၀နာရီ
(ဃ)	**တင်ဒါလျှောက်လွှာ ဖွင့်မည့်နေရာ**	- ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်-မော်လမြိုင်မြို့၊

အသေးစိတ်အချက်အလက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်-သထုံမြို့၊ ဖုန်း-၀၅၇-၄၀၀၄၆တွင် (ရုံးချိန်အတွင်း) ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၅၇-၄၀၀၄၆

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင်ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင်ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ်ဒဲလ် ရိုဆာရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(မြန်မာ့အလင်း)

အနာဂတ်မျိုးဆက်သစ်များအား ကောင်းမွန်သည့်သဘာဝပတ်ဝန်းကျင်လက်ဆင့်ကမ်းနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝအခြေခံ ကောင်းများကို အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရေး ကြိုတင်မျှော်တွေး၍ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို အချိန်မီကုစားနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ နေရာ၊ ဒေသအသီးသီး၌နေထိုင်ကြသည့် ပြည်သူများက သိမြင်ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လွန်စွာ အရေးကြီးကြောင်း သိရသည်။

သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ ပြည်သူများ သိမြင်ပူးပေါင်း ဆောင်ရွက်လာစေရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဇွန် ၆ ရက် နှင့် ၇ ရက်တွင် ကယားပြည်နယ်၊ လွိုင်ကော်၊ ဒီမောဆို၊ ဘော်လခဲမြို့နယ်များရှိ နန်းဖဲ၊ မိန်းထန်း၊ ဝမ်းချယ်၊ ရေနီပေါက်စသည့် ကျေးရွာများသို့သွားရောက်၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများအား ဆွေးနွေးကာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းစီမံဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးက ဒေသခံပြည်သူများအနေဖြင့် မိမိဒေသ၏ ရေဝေရေလဲဒေသများ၊ သဘာဝရေထွက်ဦးများ၊ စိမ့်စမ်းများ ဝန်းကျင်၌ ရေဝေရေလဲသစ်တော ထိန်းသိမ်းရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရေထိန်းတောများအား ကျေးရွာများအလိုက် ပူးပေါင်းကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ အိမ်ထောင်စုတိုင်း ထင်းနှင့် အခြားဝင်ငွေရရှိနိုင်မည့်သစ်မျိုးများ စိုက်ပျိုးကြရန်၊ ကျေးရွာအနီးဝန်းကျင် မြေကွက်လပ်များနှင့် ရွှေ့ပြောင်းတောင်ယာများ၏ ပတ်လည်စည်းရိုးများ၌ သစ်ပင်စိုက်ပျိုးရန်၊ ကျေးရွာပိုင် သစ်တောများ သတ်မှတ်ထိန်းသိမ်းရန်၊ လောင်စာစွမ်းအင်ထင်းအတွက် ထင်းစိုက်ခင်းတည်ထောင်၍ မိမိတို့

လိုအပ်ချက်အပေါ် ဖြည့်ဆည်းစိုက်ပျိုးကြရန်၊ ထင်းအစားထိုး လောင်စာသုံးစွဲမှု ကျယ်ပြန့်စွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ငွေလဲနှုန်းမြင့်မားလာသော်လည်း ကုန်စည်အချို့နှင့် ဝန်ဆောင်မှုလုပ်ငန်းအချို့ ဈေးနှုန်းငြိမ်နေဆဲ

ရန်ကုန် ဇွန် ၁၁

ပြည်ပပို့ကုန်ရငွေ နိုင်ငံခြားသုံးငွေလဲလှယ်နှုန်း တစ်ဒေါ်လာလျှင် ၁၂၈၀ ကျပ်နှုန်းထိရှိလာသည်။ ဇွန် ၃ ရက်တွင် ၁၁၅၀ နှုန်း၊ မေ ၂၅ ရက်တွင် ၁၁၂၆ ကျပ်နှုန်းအသီးသီးရှိခဲ့သည်။ ၂၀၁၅ ဇန်နဝါရီ ၅ ရက်တွင် ၁၀၄၅ ကျပ်နှုန်းရှိသည်ဟု စားအုန်းဆီပြည်ပဈေးနှုန်း နေ့စဉ်ထုတ်ပြန်သည့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ဆီဈေးနှုန်းစာရင်း ဖော်ပြချက်မှ သိရသည်။

နိုင်ငံခြားငွေလဲနှုန်းများမြင့်တက်လာ၍ ပြည်ပပို့ကုန်များ ဝင်ငွေပိုမိုရရှိလာသည်။ ပြည်ပမှ သွင်းကုန်များမှာမူ မြန်မာကျပ်ငွေ ဖြင့် ဈေးနှုန်းများ မြင့်တက်လာကြသည်။ ဇွန် ၁၀ ရက်တွင် ပြည်ပစားအုန်းဆီ FOB တစ်တန် ၆၇၀ ဒေါ်လာနှုန်း၊ ငွေလဲနှုန်း ၁၂၈၀ ကျပ်၊ တစ်ပိသာဆိပ်ကမ်းရောက် အရင်းဈေး ၁၅၉၇ ကျပ်နှုန်းဖြစ်လာသည်။ ရန်ကုန်ဆီဈေးကွက်တွင် လက်ကားအလှယ် တစ်ပိသာ ရောင်းဈေးမှာ ဇွန် ၁၀ ရက်တွင် ၁၆၂၀ ကျပ်သို့ မြင့်တက်လာသည်ဟု နေ့စဉ်စားအုန်းဆီ ဝယ်ယူနေသည့် အဝယ်တော်တစ်ဦးက ပြောသည်။

စားအုန်းဆီပြည်ပဈေး FOB တစ်တန် ၆၈၀ ဒေါ်လာနှုန်းရှိသော မတ် ၉ ရက်တွင် ပြည်ပပို့ကုန်ရငွေလဲလှယ်နှုန်းမှာ ၁၀၅၃ ကျပ်ရှိ၍ တစ်ပိသာအရင်းဈေးမှာ ၁၃၅၉ ကျပ်ရှိပြီး ရန်ကုန်ဈေးကွက်အလှယ်တစ်ပိသာရောင်းဈေးမှာ ၁၃၅၅ ကျပ်သာရှိခဲ့သည်။ ယခုရက်တွင် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်း မြင့်တက်လာမှုကြောင့် ရန်ကုန်ဈေးကွက်တွင် ဆန်ကြမ်း၊ သကြား၊ ကုလားပဲခြမ်းများ ဈေးမြင့်လာတတ်ကြောင်းသိရသည်။

သို့သော် ပြည်ပမှတင်သွင်းလာသော အိန္ဒိယရေတပ်ရှည်များ ဈေးနှုန်းမြင့်တက်မှု မရှိဘဲ တစ်ပိသာလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်ဖြင့် လချီဈေးငြိမ်နေဆဲဖြစ်သည်။ ထို့အတူ ပြည်ပပို့ကုန်ဖြစ်သော မန်ကျည်းမှာလည်း တစ်ပိသာ ငွေကျပ် ၇၅၀၊ အသား ငွေကျပ် ၁၃၀၀ ဖြင့် ဈေးငြိမ်နေဆဲရှိသည်ဟု မန်ကျည်း၊ ဝရုတ်ရောင်းချသူများက ပြောသည်။

ပြည်ပမှဝယ်ယူတင်သွင်းရသော ပစ္စည်းများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြည်ပဈေးကွက်တွင် မြင့်တက်၍ မြန်မာကျပ်ငွေဖြင့် မြင့်လာသည်။ ဓာတ်ပုံကူးလုပ်ငန်းနှင့် မိတ္တူကူးလုပ်ငန်းများတွင် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြင့်လာသည်။ သို့သော် အဆိုပါလုပ်ငန်းများတွင် ပြိုင်ဆိုင်မှုပြင်းထန်သဖြင့် ဓာတ်ပုံကူးခ၊ မိတ္တူကူးခများ ဈေးငြိမ်နေဆဲဖြစ်သည်။ ယင်းဝန်ဆောင်မှုများတွင် သုံးသောပစ္စည်းများ ဝယ်ယူရာတွင် ဈေးနှုန်းမြင့်တက်လာသော်လည်း ဝန်ဆောင်ခနှုန်း မြင့်တက်မှုမရ၍ လုပ်ငန်းလုပ်ဆောင်သူများ အကျိုးအမြတ် ပုံမှန်အချိန်ကာလထက် လျော့နည်းရရှိလာသည်ဟု လမ်းမတော်မြို့နယ်အတွင်း ယင်းလုပ်ငန်းများ လုပ်ကိုင်သူများက ဆိုသည်။

သို့ဖြစ်ရာ ပြင်ပဈေးကွက်တွင် ငွေလဲလှယ်နှုန်း မြင့်တက်နေချိန် ကုန်စည်အများအပြား ဈေးနှုန်းများ မြင့်တက်လာမှု ကြုံတွေ့လာရသည်။ သို့သော် ကုန်စည်အချို့နှင့် ဝန်ဆောင်မှုလုပ်ငန်းအချို့တွင် ဈေးနှုန်းများ တည်ငြိမ်နေဆဲရှိသည်မှာ ဝယ်ယူအသုံးပြုသူများအတွက် အဆင်ပြေနေသေးသည်ဟု ဓာတ်ပုံနှင့် မိတ္တူကူးလုပ်ငန်းများတွင် အလုပ်လာအပ်သူများက ပြောသည်။

ခင်ဆိုင်

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ဥဿျစ်ပင်မြို့အခြေခံ ပညာအထက်တန်းကျောင်းတွင် ပြည်မြို့အမှတ်(၁၃)ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များက ကျောင်းဖွင့်ရက်တိုင်း ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးစဉ်။

(၀၀၈)

မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

ရွှေတောင် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ မြောက်ဘုရားကြီးလမ်းနေ (ရွှေနဂါးအထည်စက်)ပိုင်ရှင် ဦးဝိုင်းတင်-ဒေါ်တင်တင်သန်းမိသားစုတို့၏ ထက်သန်သော သဒ္ဓါတရားဖြင့်(သိန်းခြောက်ဆယ်ကျော်) အကုန်အကျခံ၍ မျက်စိဝေဒနာရှင်များအား ဇွန် ၇ ရက် မှ ၉ ရက်ထိ အခမဲ့ခွဲစိတ်ကုသပေးပြီး စက္ကူပါလ အလျှုတော်မင်္ဂလာ အခမ်းအနားကို ဇွန် ၉ ရက်တွင် ရွှေတောင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဆေးကုသမှုခံယူကြသည့် မျက်စိဝေဒနာရှင် ၁၂၂ ဦးကို ရွှေတောင်ဆေးရုံကြီးတွင် ခွဲစိတ် ကုသမှုများပြုလုပ်ပြီး ဆေးကုသမှု ဝေဒနာရှင် ၁၂၁၉ ဦးနှင့် မျက်မှန်တပ်ဆင် ဝေဒနာရှင် ၄၇၅ ဦးတို့အား သာသနာ့ဗိမာန်တော်ကြီးတွင် လည်းကောင်း အခမဲ့ကုသပေးခဲ့ကြသည်။ အဆိုပါခွဲစိတ်ကုသဆောင်ရွက်ပေးရာသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦးအမှူးပြုသော ကျန်းမာရေးဝန်ကြီးဌာနမှမျက်စိခွဲစိတ်ကုသမှု မျက်စိပါရဂူ ပါမောက္ခများ၊ အထူးကျွမ်းကျင်ပညာရှင်များနှင့် သူနာပြုများက သုံးရက်အတွင်း မျက်စိဝေဒနာရှင် ၁၈၁၆ ဦးတို့ကို အခမဲ့ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲထွဋ်(ရွှေတောင်)

ရွှေဈေးတည်ငြိမ်ရေးအတွက် ရွှေလုပ်ငန်းရှင်များအသင်း အရေးပေါ်ဆွေးနွေး

ရန်ကုန် ဇွန် ၁၁

မြင့်တက်နေသော ရွှေဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အထူးအရေးပေါ်အစည်းအဝေးကို ဇွန် ၁၀ ရက်က ပြုလုပ်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်တို့က ပြည်တွင်းရွှေဈေး တည်ငြိမ်ရေးအတွက် အသင်းဝင်များအားလုံး စုပေါင်းထိန်းသိမ်းပေးကြရန်၊ အရောင်းအဝယ် ပြုလုပ်သည်ဆိုသော်လည်း အများပြည်သူနှင့် နိုင်ငံတော်၏အကျိုးကိုလည်း တစ်ဖက်တစ်လမ်းမှကြည့်၍ ဆောင်ရွက်ကြရန်၊ အသင်းရုံးကို ညနေ ၆ နာရီတွင် ပိတ်မည်ဖြစ်ရာ အသင်းရုံး၌ သတ်မှတ်ချိန်အတွင်းသာ အရောင်းအဝယ် ပြုလုပ်ကြရန်၊ ငွေပေးငွေယူကိစ္စများကို မိမိတို့ ငွေကြေးလုံလောက်သည့်အတိုင်းသာ ပြုလုပ်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးတည်ငြိမ်ရေးအတွက် အသင်းဝင်များ အားလုံးစုပေါင်းထိန်းသိမ်းပေးကြရန်၊ အရောင်းအဝယ် ပြုလုပ်သည်ဆိုသော်လည်း အများပြည်သူနှင့် နိုင်ငံတော်၏အကျိုးကိုလည်း တစ်ဖက်တစ်လမ်းမှကြည့်၍ ဆောင်ရွက်ကြရန်

ဇွန်လဆန်းမှစ၍ အမေရိကန်ဒေါ်လာဈေးနှုန်း အတက်ကြွမ်းလာခြင်း၊ တရုတ်နိုင်ငံမှ ရွှေဝယ်ယူစုဆောင်းမှုများပြားလာခြင်း၊ အိန္ဒိယနိုင်ငံမှ ရွှေဝယ်လိုအား များပြားလာခြင်းတို့ကြောင့် ပြည်တွင်းအခေါက်ရွှေဈေးနှုန်းမှာ ဇွန် ၁၀ ရက်တွင် ကျပ်ရှစ်သိန်းအထိ မြင့်တက်လာလျက်ရှိသည်။ ရွှေဈေးနှုန်းမှာလည်း တည်ငြိမ်မှုမရှိဘဲ တစ်ရက်အတွင်း ကျပ်သောင်းဂဏန်းအထိ ဈေးနှုန်းပြောင်းလဲမှုများ ရှိနေသည်။

ဇွန် ၁၀ ရက်နံနက်ပိုင်း ဈေးဖွင့်ချိန်ကမြန်မာ့ရွှေဈေးသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ရှစ်သိန်းဖြင့်ဖွင့်ခဲ့ပြီး နေ့လယ်ပိုင်းတွင် ၇၃၆၀၀၀ ကျပ်အထိ ကျဆင်းခဲ့ကာ ညနေပိုင်း အသင်းရုံးပိတ်ချိန်၌ ၇၅၄၀၀၀ ကျပ် ရှိခဲ့သည်။

အဝယ်တော်ဖိုးထော်

နှစ်ထပ်ဈေးနှင့် တစ်ထပ်ဈေးများ စတင်ဆောက်လုပ်

သာကေတ အမှတ် (၂)ဈေး ပုံစံငယ်ကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရန်လျာထားသည့် နှစ်ထပ်ဈေးများအနက် ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်းရှိ သာကေတမြို့နယ် အမှတ် (၁)နှင့် အမှတ်(၂)ဈေးများကို စတင်တည်ဆောက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန)အနေနဲ့ ရန်ကုန်အရှေ့ပိုင်း သာကေတမြို့နယ် အမှတ် (၁) ဈေးနဲ့ အမှတ် (၂) ဈေးတို့ကို အသစ်တည်ဆောက်ဖို့ လျာထားရာမှာ ယခုအခါမှာ ယာယီဈေးများကို ဆောက်လုပ်ပေးပြီးဖြစ်ပါတယ်။ မကြာမီဈေးဟောင်းအတွင်းမှ ဈေးသည်တွေကို အနီးမှာရှိတဲ့ ယာယီဈေးမှာ ပြောင်းရွှေ့နေရာချထားပေးမှာဖြစ်ပါတယ်။ ဈေးသည်တွေ ယာယီဈေးကို ပြောင်းပေးပြီးတာနဲ့ စတင်ဆောက်လုပ်မှာဖြစ်ပါတယ်။ ဒီဈေးတွေကို စက်တင်ဘာလကုန် အပြီးတည်ဆောက်ဖို့ လျာထားပါတယ်"ဟုအဆိုပါ တာဝန်ရှိသူကပြောသည်။

သာကေတမြို့နယ် အမှတ် (၁)ဈေးကို နှစ်ထပ်ဈေးအဖြစ် တည်ဆောက်သွားမည်ဖြစ်သော်လည်း အမှတ် (၂)ဈေးကို ၁၄၄×၁၄၄ ပေ အကျယ်အဝန်းရှိ တစ်ထပ်ဈေးအဖြစ် တည်ဆောက်သွားမည်ဖြစ်ရာ လက်ရှိ အမှတ် (၂)ဈေးမှာ ဆိုင်ခန်းပေါင်း ၂၀၆ ခန်းရှိကြောင်း၊ ဈေးသစ်ကြီးတည်ဆောက်ပြီးပါက ဆိုင်ခန်းများ ပိုမိုထွက်ရှိလာမည်ဖြစ်ရာ ပုံကျဈေးသည်များပါ ဆိုင်ခန်းများဖြင့် ရောင်းချရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဈေးသစ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယခုနှစ်အတွင်း တည်ဆောက်မည့် နှစ်ထပ်ဈေး ၁၂ ခု၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာမည်ဖြစ်သည်။ အခြားသော ခရိုင်များတွင်လည်း ဈေးအချို့ကို နှစ်ထပ်ဈေးများအဖြစ် ပြန်လည်တည်ဆောက်လျက် ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နှစ်ထပ်ဈေးများ ဆောက်လုပ်ပေးခြင်းဖြင့် ပြည်သူများ သန့်ရှင်းသပ်ရပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သည့်အပြင် ပုံကျဈေးသည်များပါ ဆိုင်ခန်းများဖြင့် ရောင်းချလာနိုင်မည် ဖြစ်သည်။

ကြေတိုင်းအောင်

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ အောင်ချက် ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံး အောင်ချက်အများဆုံး(ပထမ)ရရှိခဲ့ကြောင်းနှင့် ဘာသာစုံဂုဏ်ထူးရှင် ၃၆ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် ၁၀၆ ဦးတို့ပေါ်ထွက်ခဲ့ကြောင်း သိရှိရပါသဖြင့် ထူးချွန်အောင်မြင် ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုများနှင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ထိုသို့ အောင်မြင်မှုများ ရရှိအောင် ဦးဆောင်လမ်းညွှန်မှုပေးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများအားလုံးကို လေးစားစွာ ဂုဏ်ယူအပ်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ အောင်မြင်မှုများရရှိပြီး နိုင်ငံ့အကျိုးဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ
ဧရာဟင်္သာဟိုးလ်ဒင်းကုမ္ပဏီလီမိတက်
ဧရာဝတီဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်

စိုက်ပျိုးပညာပေးရေးဘာသာအကြောင်း တစ္ဆေတစောင်း (အပိုင်း-၂)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

ဒေါက်တာမျိုးကြွယ်
စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း

စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေး ဘာသာရပ်မှသည် ကျွန်တော်တို့နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် ကျရာတာဝန်ထမ်းဆောင်နိုင်ရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းချ၍ ဘာသာရပ်ပေါင်းစုံ ကျွမ်းကျင်သူများ ရရှိစေရေးလေ့ကျင့် သင်ကြားမွေးထုတ်ပေးရန်လိုအပ်ပါသည်။ အခြေခံဖြစ်သော မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးမှသည် အဆင့်မြင့်ပညာရေးသိပ္ပံကောလိပ်၊ တက္ကသိုလ် အသက်မွေးဝမ်းကျောင်းပညာရေးမှ ဘာသာရပ်အလိုက် ဘွဲ့ရပြီးအလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည်အထိ ရည်ရွယ်ချက်ရှိရှိ စီမံကိန်းချရပါမည်။

၁၉၈၇ ခုနှစ်က ဩစတြေးလျှနိုင်ငံ ကွင်းစလန်တက္ကသိုလ် (University of Queensland)တွင် ကျွန်တော် မဟာစိုက်ပျိုးရေးသိပ္ပံပညာသင်တန်း တက်ရောက်ခဲ့စဉ်က ရူပဗေဒဘာသာရပ်တွင် ကျောင်းသားကျောင်းသူ ၁၀ ဦးခန့်သာ လက်ခံပါသည်။ ဘာသာရပ်ကို ရည်ရွယ်ချက်ရှိရှိ သင်ပေးပြီးအလုပ်အကိုင် အခွင့်အလမ်းကလည်း ကွင်းစလန်တက္ကသိုလ်မှ ရူပဗေဒပညာဘွဲ့ရပြီးသည်နှင့် ရရှိရန် အဆင်သင့်ဖြစ်နေပါသည်။

ကျွန်တော်တို့နိုင်ငံတွင် ဆေးပညာ၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေးစသည်ဖြင့် နှစ်စဉ် ဘွဲ့ရများ မွေးထုတ်ပေးနေသည့်အခါ အလုပ်အကိုင်လိုအပ်ချက်နှင့် ဘွဲ့ရဦးရေ၊ အလုပ်လျှောက်ထားမှု ကိုက်ညီနိုင်ပါသလား ဆိုသည်ကို ချင့်ချိန်ရပါမည်။

ဥပမာဆိုပါစို့ - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သော စိုက်ပျိုးရေးဘွဲ့ရထဲတွင်ပင် ခေတ်မီနည်းပညာဖြစ်သော စက်မှုလယ်ယာ သို့မဟုတ် စိုက်ပျိုးရေးအင်ဂျင်နီယာ (Agricultural Engineering) ဘာသာရပ် အထူးပြုများမွေးထုတ်ပေးနိုင်ခြင်းမရှိပါ။ ယခင်က စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်ကို ရန်ကုန်စက်မှုတက္ကသိုလ် (ယခု ရန်ကုန်နည်းပညာတက္ကသိုလ် - YTU) က အထူးပြု သင်ကြားပေးခဲ့သော်လည်း ဤအထူးပြု ဘာသာရပ်ကိုသင်ကြားမပေးနိုင်တော့ပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နည်းပညာတက္ကသိုလ်များစွာရှိပြီးမြို့ပြ၊ စက်မှု၊ လျှပ်စစ်စွမ်းအားစသည်ဖြင့် အင်ဂျင်နီယာဘွဲ့ရများစွာ မွေးထုတ်နေသော်လည်း စိုက်ပျိုးရေးကို အခြေပြုနေသော မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ် အထူးပြုကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ နည်းပညာတက္ကသိုလ်များမှ လည်းကောင်း သင်ကြားမပေးနိုင်ခြင်းက အလွန်ဝမ်းနည်းဖွယ် ကောင်းလှပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ စက်မှုလယ်ယာဦးစီးဌာနမှာပင် ညွှန်ကြားရေးမှူးချုပ်အပါအဝင် စိုက်ပျိုးရေး အင်ဂျင်နီယာ ဘွဲ့လွန် ဘွဲ့ရဦးရေ လက်ချိုးရေတွက်၍ ရပါသည်။ ထိုသို့ ပြည်တွင်းတွင် စိုက်ပျိုးရေးအင်ဂျင်နီယာပညာရပ်ကို သင်ကြားပေးနိုင်ရန်အတွက် ပြည်ပနိုင်ငံအသီးသီးသို့ နိုင်ငံဝန်ထမ်း၊ တက္ကသိုလ်ဆရာ ဆရာမ ငယ်ရွယ်သူများ ပညာတော်သင် စေလွှတ်ရပါလိမ့်မည်။

ဂျပန်နိုင်ငံတွင် လူမပါဘဲ အဝေးထိန်းစနစ်ဖြင့်မောင်းနှင်သည့် ထွန်စက်ဖြင့် ထွန်ယက်သရုပ်ပြစဉ်။

စိုက်ပျိုးရေးကို အခြေပြုနေသော မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ် အထူးပြုကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှလည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ နည်းပညာတက္ကသိုလ်များမှလည်းကောင်း သင်ကြားမပေးနိုင်ခြင်းက အလွန်ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

ကျွန်တော်တို့အဖွဲ့ ၂၀၁၄ခုနှစ် ဩဂုတ်လ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးထွက်စဉ်က ကျိုတိုတက္ကသိုလ် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနနှင့် ဆူကူးဘားစိုက်ပျိုးရေးသုတေသနဌာနများတွင် ထွန်စက်ကို လူမပါဘဲ အဝေးထိန်းစနစ် (Remote Control) ဖြင့် စမ်းသပ်သုတေသနပြုလုပ်နေသည်ကို မြင်တွေ့ခဲ့ရပါသည်။ သူတို့က "နောင်အနာဂတ် ထွန်စက်မောင်းလယ်ယာလုပ်သား ရှားပါးလာမှုကို ကြိုတင်မြင်နေသဖြင့် တီထွင် သုတေသနပြုနေခြင်းပါ"ဟု ပြောပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်မှာ ထယ်ထိုး၊ ထွန်မွှေ၊ ကောက်စိုက်၊ ကောက်ရိတ်ရုံမျှသာမဟုတ်ပါ။ ယခုခေတ် စပါးအခြောက်ခံနေလှန်းသည်မှ အအေးခန်း စနစ်ဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသားငါးများ သိုလှောင်ရာတွင် အအေးဒီဂရီထိန်းချုပ်မှု၊ နေရောင်ခြည်ဖြင့် ကျေးလက်မီးလင်းသည့် စနစ်(Use of Solar Energy) စသည်တို့ ပါဝင်ပါသည်။ ကျေးလက်ဒေသ စိုက်ပျိုးမွေးမြူသည့် မူရင်းနေရာများမှ စျေးကွက်သို့ရောက်သည်အထိ သယ်ယူပို့ဆောင်ရေးယာဉ်များ ကုန်ကျစရိတ် နည်းနည်းနှင့် တီထွင်ထုတ်လုပ်ခြင်းသည်လည်း စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်ဖြစ်ပါသည်။ လယ်ထွန်စက် (Tractor) မသုံးနိုင်သည့် နေရာများမှာ ကျွဲနွားများဖြင့် အသုံးပြုရသော် ထယ်၊ ထွန်ကြောင်းဆွဲကိရိယာ (Small Scale Farm Implement) များ တီထွင်လုပ်ဆောင်ရပါမည်။

ယခုပေါ်နေသော လက်ကိုင်ဖုန်း (Mobile Phone) မှ နောက်ဆုံးပေါ် စိုက်ပျိုးရေးနည်းပညာများ ပို့ဆောင်ပေးနိုင်ရေး တီထွင်စမ်းသပ် အသုံးချသင့်ပါသည်။ ယခုလည်း ကျွမ်းကျင်စိုက်ပျိုးရေးပညာရှင်များက Call Center ဖွင့်လှစ်၍ စိုက်ပျိုးရေးပြဿနာများ ဖြေကြားပေးလျက်ရှိပါသည်။ နောက်ဆုံး ကျေးလက်ဒေသမီးလင်းရေးနှင့် ရေရရှိရေးသုတေသန (Rural Electricity and Rural Water Supply Research) များပါ တွဲဖက်လုပ်ဆောင်နိုင်ပါသည်။

ဂျာမနီနိုင်ငံတွင် ကျွန်တော်အဆောင်မှာနေစဉ် ပန်းကန်ဆေးအိုးခွက်ဆေးလုပ်ရာတွင် ရေတွေ့အများကြီးနှင့် ဆေးချနေ၍ ကျွန်တော်ထက်ငယ်သော ကျောင်းသားတစ်ဦးက "Myo ဒီလိုဆေးရတယ်။ Tap ကိုပိတ်ပြီး ဆပ်ပြာကို ရေနဲ့ဆေး၊ အဲဒါမှ ရေချွေတာရာရောက် မှာပေါ့"ဟူ၍ ပြောပါသည်။

သူတို့က ရေကိုမီတာနှင့် သုံးရတာဖြစ်ပါသည်။ မီးဆိုပြန်တော့လည်း (အလိုအလျောက်ပိတ်သည့် အစီအစဉ် ထည့်ထားပါသည်။) ကော်ရစ်ဒါမီးဖွင့်လိုက်သည်နှင့် နှစ်မိနစ်အကြာမှာ အလိုလိုမှိတ်သွားပါသည်။ တချို့လမ်းသွယ်တွေမှာ ထည့်ထားပြီး လူလာသည်နှင့် မီးပွင့်ပြီး တစ်မိနစ်အကြာမှာ အလိုလို ပိတ်သွားပါသည်။ သူတို့၏ ချွေတာမှုက အားကျအတုယူ အတုခိုးစရာပင်ဖြစ်သည်။ သူတို့ကို မိဘများ၊ မူလတန်းဆရာ ဆရာမများက အိမ်မှာ၊ ကျောင်းမှာ စနစ်တကျ သင်ပေးသည်ဟု ဆိုသည်။ ကျွန်တော်တို့ယေမန်ဝင်ကပြည်သူ့နီတိသင်ပေးသလို ဖြစ်ပေလိမ့်မည်။

စိုက်ပျိုးပညာပေးရေးဘာသာရပ် (Agricultural Extension) သည် တောင်သူလယ်သမားများနှင့် ထိတွေ့ဆက်ဆံနေရသဖြင့် ကျေးလက်လူမှုဘဝ (Rural Sociology)ကျေးလက်လူထု၏ ဆက်ဆံရေး စိတ်ပညာ (Farmers Psychology) စသည်တို့ သိရှိ နားလည်ရန်လိုအပ်ပါသည်။ စိုက်ပျိုးရေးပညာရပ်သည် ဇီဝသိပ္ပံ (Biological Science) ဖြစ်သဖြင့် လူနှင့် လူမှုရေးအကြောင်းကို လေ့လာရသော (Social Science) ဘာသာရပ်များဖြင့် ဆက်စပ်လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း ကျွန်တော်တို့ တိုင်းပြည်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ တင်ပြပေးလိုက်ရပါသည်။

ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရေးဆွေးနွေး

ပေါင်းတည် ဇွန် ၁၁

ပဲခူးတိုင်း ဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ မိုးရာသီပုလဲသွယ်စပ်မျိုးစပါး GW1 စိုက်ပျိုးထုတ်လုပ်မှုအရှိန်အဟုန်မြင့် တင်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် ဇွန် ၇ ရက်က သပြေကုန်းကျေးရွာ တောင်သူပညာပေးစိုက်ပျိုးရေးစခန်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပေါင်းတည်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ဇေယျက အမှာစကားပြောကြားသည်။ ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးရေးကွင်းဆင်းပညာပေးဆောင်ရွက်မှုကို ပဲခူးတိုင်းဒေသကြီးအတွင်း မိုးရာသီစပါးစိုက်ပျိုးမည့်အခြေအနေများ ပုလဲသွယ်စပ်မျိုးစပါးအား ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေး ရှင်းလင်းသည်။

ယခုနှစ်မိုးရာသီတွင် ပဲခူးတိုင်းဒေသကြီးအတွင်း မိုးစပါး ၂၇ သိန်း ၆ သောင်း ၅ ထောင်ကျော်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တိုင်းဦးစီးမှူးဦးလှမြင့်ထံမှ သိရသည်။

တင်ဝင်းဇော်(မင်းသားကြီး)

ကျန်းမာရေးပညာပေးစကားဝိုင်း ကျင်းပ

နေပြည်တော် ဇွန် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၇ ရက်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျန်းမာရေး ကွင်းဆင်းကုသ ပညာပေးစကားဝိုင်း ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး တက်ရောက် အမှာစကားပြောကြားပြီး ပညာပေးစကားဝိုင်းများအတွင်း လိုက်လံကြည့်ရှုရှု ပြည်သူများအား မိမိတို့ကျန်းမာရေး အဆင့် မြှင့်တင်နိုင်မည့် နည်းလမ်းများကို ပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးပြီး သွေးပေါင်ချိန်ကိရိယာ နှစ်ခုကို လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျေးရွာရှိ ပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ အခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့် နေပြည်တော် ကျန်းမာရေးတာဝန်ခံ ဒေါက်တာ လှလှကြည်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဒေါက်တာ တင်မိုးမိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့် လူမှုရေးအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

မဒေါက်ကလေးတံတားနှင့်ဆိုလျှင်ပြင့် ရွှေပြည်တော်မျှော်တိုင်း မဝေးတော့ပါ

သတင်းဆောင်းပါး-ပိန်းဇလုပ်-သိန်းညွှန့်၊ ဓာတ်ပုံ-ရွှေကျင်-စိုးရည်

ရွှေကျင်မြို့သည် ရန်ကုန်မြို့၏ အရှေ့မြောက်ဘက် ၁၁၀ မိုင် တောင်ဝှေမြို့၏ အရှေ့တောင်ဘက် ၈၉ မိုင် ၄ဖာလုံ၊ ရန်ကုန်-မန္တလေးလမ်းမကြီး ညောင်လေးပင်လမ်းခွဲမှ ၁၂ မိုင် ၅ ဖာလုံတွင်ရှိပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ရိုးမတောင်ခြေတွင် တည်ရှိပါသည်။ ဗမာ၊ ကရင်၊ ရှမ်း၊ ပအိုဝ်း၊ မွန်တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး ဥယျာဉ်ခြံမြေနှင့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ အမယ်စုံထွက်ရှိပါသည်။ ရေမြေရာသီဥတုညီညွတ်မျှတပြီး တော၊ တောင်၊ လျှိုမြောင်၊ စိမ့်စမ်း၊လယ်ယာ၊ ဥယျာဉ်များဖြင့် သာယာစိုပြည်လှသည့်ဒေသတစ်ခုဖြစ်သည်။

ထိုသို့သောဒေသမှ နိုင်ငံတစ်ဝန်းဒေသအသီးသီး သို့အရောက်ခရီးပေါက်မည့် (ညောင်လေးပင်-ပုဇွန်မြောင်း-မဒေါက်-ရွှေကျင်) ကားလမ်းအပေါ် ရွှေကျင်မြို့နယ်အတွင်းရှိ မိုင်တိုင်အမှတ် ၁၂/၀ ၌ ဖြတ်သန်းစီးဆင်းလျက်ရှိသော စစ်တောင်းမြစ်ကျိုးအင်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် မဒေါက်ကလေးသံကူကွန်ကရစ်တံတားသစ်ကြီးကို ဇွန် ၉ ရက်က အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယင်းမဒေါက်ကလေးတံတားသစ်ကြီးကို အောင်မြင်စွာဖွင့်လှစ်ပေးခဲ့မှုကြောင့် အဆိုပါဒေသခံပြည်သူများနှင့်ကုန်တင်ယာဉ်များ ယခင်တစ်လမ်းသွားသစ်သားဘေလီတံတားပေါ် အချိန်ပေးအလှည့်ကျစောင့်ဆိုင်းပြီး ဖြတ်ကူးသွားလာနေကြသည့် လမ်းပန်းအသက်တွေဆုံးရှုံးခြင်းကိုပါ ကြုံတွေ့ခံစားရဖူးတယ်။ အခုတော့ ဒီအန္တရာယ်တွေ ကျော်လွန်ခဲ့ပြီဖြစ်လို့ ဒေသခံပြည်သူတွေ ဝမ်းသာပီတိဖြစ်နေကြပါတယ်။ ဒီတံတားပြီးစီးသွားလို့ စီးပွားရေးလုပ်ငန်းများလည်းတွင်ကျယ်လာတော့မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ရွှေကျင်ဒေသခံကျေးရွာတွေ မကြာခင်မှာ ဖွံ့ဖြိုးတိုးတက်လာတော့မှာပါ”ဟု ဒေသခံဦးထွန်းရင်က ပြောပြသည်။

ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက “အရင်တုန်းက သွားရေးလာရေး အလွန်ခက်ခဲတဲ့ဒေသပါ။ တံတားဟောင်းကအိုနေပြီ။ ယာဉ်ကြီးများသွားလာဖို့ လမ်းကကျဉ်းပြီး တစ်စီးပြီးမှတစ်စီးသွားလာနေရတဲ့ အခက်အခဲတွေကို နိုင်ငံတော်က မဒေါက်-ကလေး သစ်သားဘေလီတံတားဟောင်းဘေးတစ်ဖက်မှာ သံကူကွန်ကရစ် မဒေါက်-ကလေးတံတား သစ်ကြီးတစ်စင်းကို အခုလို တည်ဆောက်ဖွင့်လှစ်ပေးတဲ့အတွက် ဒေသခံပြည်သူအားလုံး ခရီးလမ်းပန်းအဆင် ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သလို အနီးပတ်ဝန်း ကျင်မြို့တွေကို ကုန်စည်များပို့ဆောင်ရန်အတွက်လည်း အဆင်ပြေတော့မှာဖြစ်ပါတယ်”ဟု ပြောပြသည်။

ဆက်လက်၍ တံတားဖွင့်ပွဲအထိမ်းအမှတ် ကျောက်စာတိုင်ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘဏ်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တံတားတည်ဆောက်ခဲ့ရသည့် လုပ်ငန်းအပိုင်းနှင့်ပတ်သက်၍

ဦးအောင်နိုင်ဝင်း(ယာဉ်မောင်း)

ဦးကျော်ဆွေဝင်း(မြို့နယ်အုပ်ချုပ်ရေးမှူး)

ဦးလှညွှန့် ဦးစီးအရာရှိ(မြို့ပြ)

ဆက်သွယ်ရေးအခက်အခဲများစွာတို့မှာ ယခုအခါကင်းဝေးသွားရပြီဖြစ်ပါသည်။

တံတားဖွင့်ပွဲအခမ်းအနားအစီအစဉ်အပြီး ဒေသခံပြည်သူများ၏ ရင်တွင်းစကားများကိုလည်း ဤသို့ကြားခဲ့ရပါသည်။

“အရင်တုန်းကဆိုရင် စစ်တောင်းမြစ်ပိုင်းခြားထားတော့ နေ့စဉ်ရွှေကျင်နဲ့ ညောင်လေးပင်သွားရတာ အခက်အခဲတစ်ခုပါပဲ။ လေတစ်တန် လှည်းတစ်တန်နဲ့ ကူးလူးသွားလာနေရတာ။ မှတ်မှတ်ရရပြောရရင် ကျွန်တော် ၁၂ နှစ်သားအရွယ်လောက်က ရာသီဥတုအခြေအနေအရ ရေလမ်းခရီးနဲ့ကူးခတ်သွားလာရာမှာ မမျှော်လင့်ဘဲ သဘာဝဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး လေ့သမ္မန်တွေ တိမ်းမှောက်လို့ကုန်ပစ္စည်းတွေနဲ့ လူ “ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာအုပ်စုရှိ ညောင်လေး ပင်- ပုဇွန်မြောင်း-မဒေါက်-ရွှေကျင်လမ်းပေါ် စစ်တောင်း မြစ်ကျိုးအင်း ချောင်းကူးမဒေါက်ကလေးသံကူကွန်ကရစ်ပင်မတံတားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကစတင်ပြီး နိုင်ငံတော်၏စီစဉ်မှုဖြင့် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၈၀၀ အကုန်အကျခံပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၉)က တာဝန်ယူဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ တံတားကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန် ၉ ရက်မှာ အပြီးသတ်ဖွင့်လှစ်ပေးနိုင်ခဲ့ပါပြီ။ ယခုဆိုရင် တံတားကြီးတည်ဆောက်ဖွင့်လှစ်ပေးလိုက်ပြီဆိုတော့ ဒီဒေသမှာ နေ့စဉ်ဖြတ်သန်းသွားလာနေတဲ့ ပြည်သူများ နွေ၊ မိုး၊ ဆောင်း ခရီးသွားလုပ်ငန်းလွယ်ကူတော့မှာပါ။ တံတားရဲ့အရှည်က ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ်က ၂၄ ပေ (နှစ်လမ်းသွားကားလမ်း)၊ လူသွားလမ်းအကျယ်ကတော့ တစ်ဖက်လျှင် သုံးပေ(နှစ်ဖက်)ရှိပါတယ်။ တံတားအမျိုးအစားမှာ အောက်ထည် ၁ ဒသမ ၀ မီတာအချင်းရှိတဲ့ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး သံကူကွန်ကရစ်ထိပ်အုတ်နဲ့ ကိုယ်ထည်ဖြစ်ပါတယ်။ တံတားရဲ့ခံနိုင်ဝန်ကတော့ တန် ၆၀ ဖြစ်ပါတယ်” ဟု တံတားဦးစီးဌာနတံတားတည်ဆောက်ရေးအဖွဲ့(၉)မှ ဦးစီးအရာရှိ (မြို့ပြ) ဦးလှညွှန့်က ရှင်းလင်းပြောကြားသည်။

ရွှေကျင်-ရန်ကုန်ပြေးဆွဲနေသည့် ရွှေနတ်တောင်ယာဉ်လိုင်းမှ ဦးအောင်နိုင်ဝင်းက “တံတားကြီး တည်ဆောက်တော့မယ်ဆိုကတည်းက ပျော်နေခဲ့တာပါ။ ရန်ကုန်သွားဖို့အရေး ကျွန်တော်တို့ယာဉ်တွေ တံတားဟောင်းပေါ်ဖြတ်ကူးရတဲ့ဒုက္ခက မလွယ်ပါဘူး။ အချိန်လည်းကုန်၊ အန္တရာယ်လည်းများပါတယ်။ ဟိုယိမ်း ဒီယိမ်းနဲ့ သွားနေရသလို မိုးလေဝသမကောင်းရင်ပိုလို့ပင် စိုးရိမ်ရပါတယ်။ အခုတော့ အဲ့ဒီဒုက္ခတွေကင်းဝေးတော့မှာမို့ ခရီးသွားပြည်သူတွေကို အချိန်တိုတိုနဲ့ အန္တရာယ်ကင်းကင်း ပို့ဆောင်ပေးနိုင်တော့မှာပါ” ဟု ပြောပြသည်။

ဆက်လက်၍ တံတားဖွင့်ပွဲသို့တက်ရောက်လာသည့် ရွှေကျင်မြို့ ပန်းဘဲတန်းရပ်ကွက်မှ အိမ်ဆောက်ပစ္စည်းမျိုးစုံဆိုင်တည်ထောင်ထားသည့် ဒေါ်သက်သက်ဌေးက “အရင်ကတော့ ကုန်ပစ္စည်းတွေသယ်ယူပို့ရတာ အလွန်ခက်ခဲပါတယ်။ ယခုတံတားကြီးတည်ဆောက်ပြီးစီးသွားတဲ့အတွက် သယ်ယူပို့ဆောင်ရတာ အခက်အခဲမရှိတော့ပါဘူး။ အကုန်အကျလည်း သက်သာတယ်။ နောက်ပြီး အချိန်အခါမရွေးသွားလာလို့ရတဲ့အတွက် လုပ်ငန်းတွင်ကျယ်ပြီး အရင်ထက်ပိုမို အကျိုးဖြစ်ထွန်းလာတာခံစားရတော့မှာမို့ ခွင့်ပြုပေးတဲ့ နိုင်ငံတော်အစိုးရအပေါ် ပတ်ဝန်းကျင်ကျေးရွာတွေရဲ့ တုံ့ပြန်ကျေးဇူးသံတွေကို ကြားနေရပါပြီ” ဟူ၍ သူတို့၏ ရင်တွင်းခံစားချက်များကို ပြောကြားခဲ့ကြသည်။

ဤလမ်းဤစခန်းနှင့်ဆိုလျှင်ဖြင့် ဒေသခံပြည်သူတို့အတွက် ရွှေပြည်တော်မျှော်တိုင်းမဝေးတော့ပါဟုဆိုပါရစေ။

အရင်တုန်းကဆိုရင် စစ်တောင်းမြစ်ပိုင်းခြားထားတော့ နေ့စဉ် ရွှေကျင်နဲ့ညောင်လေးပင်သွားရတာ အခက်အခဲတစ်ခုပါပဲ။ လေတစ်တန် လှည်းတစ်တန်နဲ့ပဲ ကူးလူးသွားလာနေရတာ

ရေဦးမြို့နယ် ရေဦး-ကလေးဝကားလမ်းပေါ်မှ တံတားအမှတ်(၃/၅)

ရေဦး ဇွန် ၁၁

ရေဦးမြို့နယ် ရေဦး-ကလေးဝ ကားလမ်းမိုင်တိုင်အမှတ် (၁၀၅ မိုင်လေးဖာလုံ)ရှိ တံတားအမှတ်(၃/၅) သည် ရေဦးမြို့နယ် တမာတော၊ တင်းတိန်၊ ဖိန်းတားနှင့်တန့်ဆည် မြို့နယ်ချောင်းရိုး၊ ခပေါင်းကြိုင်း၊ ရွှေကပေါ်တို့ကို ဆက်သွယ်သည့် ကားလမ်းတံတားဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၃၃၀ ဖြင့်ဆောက်လုပ်ရေး ဝန်ကြီးဌာနတံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၁)မှ ၁-၇-၂၀၁၄ ရက်နေ့မှစတင် တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအခါ တံတားတစ်စင်းလုံးရာနှုန်းပြည့် တည်ဆောက် ပြီးစီးသွားပြီဖြစ်၍ တံတားပေါ်မှ ကားများဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါတံတားမှာ အရှည်ပေ ၁၂၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ တံတားအမျိုးအစား ဘိုးပိုင်အုတ်မြစ်၊ ကိုယ်ထည် သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ တံတားအပေါ်ထည် သံကူကွန်ကရစ် ရက်မ ကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ကားတစ်စီးချင်းတန် ၆၀ ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

လယ်ဝေးမြို့တွင် မူးယစ်ဆေးဝါးအသိပညာပေး

လယ်ဝေး ဇွန် ၁၁

ဇွန် ပထမပတ်က အထက (၂) လယ်ဝေး၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲများ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အထက (၂) လယ်ဝေးမှ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီထွန်းက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုရဲမှူး ထွန်းထွန်းဦး ခုတင်(၁၀၀)ဆေးရုံကြီး လက်ထောက်ဆရာဝန် ဒေါက်တာမြတ်ကိုကိုနိုင်နှင့် တာဝန်ရှိသူတို့က ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်(ဝေကြည်-လယ်ဝေး)နှင့် ဝန်ထမ်းများက လက်ကမ်းစာစောင်များဖြန့်ဝေကာ နံရံကပ်စာစောင်ကြည့်ရှုလေ့လာကြသော ကျောင်းသားကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းပြိုင်ပွဲကျင်းပ၍ ဆုများချီးမြှင့်ခဲ့သည်။

ဇွန်လအတွင်း လယ်ဝေးမြို့နယ်အတွင်းရှိ ကျောင်းများနှင့်ကျေးရွာများသို့လည်း မူးယစ်တိုက်ဖျက်ရေး အသိပညာပေး(ယင်းမာ) စီမံချက်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုရူပ(နေပြည်တော်)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်ထိန်းရဲအင်အား လိုအပ်နေ

မုံရွာ ဇွန် ၁၁

လူဦးရေ ၅၂ သိန်းနီးပါးနေထိုင်ပြီး ယာဉ်စီးရေ ငါးသိန်းကျော်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ဦးရေမှာ တစ်ရာပင်မပြည့်သဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် လမ်းအသုံးပြုသူ ခုနစ်သောင်းနီးပါးနှင့် မော်တော်ယာဉ်စီးရေ ခုနစ်ထောင်နီးပါးကို ထိန်းသိမ်းဆောင်ရွက်နေရပြီး ယာဉ်ထိန်းရဲအင်အား လိုအပ်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်သူဦးရေ မှာ ၅၁ဒေ၃၁၇ ဦးရှိပြီး ကားနှင့်ဆိုင်ကယ် အစီးရေ ၅၁၀၃၆၇ စီးရှိကာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ဦးရေမှာ ၇၉ ဦးသာ ရှိနေသည်။ ထို့ကြောင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် လမ်းအသုံးပြုသူ ၆စ၄၀၉ ဦးနှင့် မော်တော်ယာဉ် ၆၇၂၃ စီးကို ထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ယာဉ်တိုက်မှု အများဆုံးဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှု ၁၅၈ မှု၊ ဒဏ်ရာရရှိသူ ၂၆၈ဦးနှင့် သေဆုံးသူ ၂၈ဦး ရှိခဲ့သည်။ ယာဉ်တိုက်မှုဒုတိယအများဆုံးဖြစ်ပွားခဲ့သော ရွှေဘိုမြို့တွင် ယာဉ်တိုက်မှု ၁၄၁ မှု၊ ဒဏ်ရာရသူ ၂၁၅ဦးနှင့် သေဆုံးသူ ၅၈ ဦး ရှိခဲ့ကြောင်း ယာဉ်တိုက်မှုမှတ်တမ်းများအရ သိရသည်။

ရွှေဘိုမြို့သည် မုံရွာမြို့ထက် ယာဉ်တိုက်မှုလျော့နည်းသော်လည်း ယာဉ်တိုက်မှုကြောင့် လူသေဆုံးမှုမှာ မုံရွာထက်များနေသောကြောင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အား မလုံလောက်သော်လည်း ရွှေဘိုခရိုင် ယာဉ်ထိန်းတပ်ဖွဲ့ခွဲခုံရုံးကို ရွှေဘိုမြို့တွင်ဖွင့်လှစ်၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်းစစ်ဆေးခြင်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အမှတ် (၁၄) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲမှူးခင်ဇော်မြင့်ထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့၊ စစ်ကိုင်းမြို့၊ ကလေးမြို့နှင့် ရွှေဘိုမြို့များတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲခုံရုံးများကို ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ကာ တမူးနှင့် ကသာခရိုင်များတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲခုံရုံးများကို ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အားကို မူတည်၍ ခန္ဓီး၊ မော်လိုက်၊ ယင်းမာပင်စသည့်ခရိုင်မြို့ကြီးများ၌လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲခုံရုံးများကို ဆက်လက်ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ဝဲဆန္ဒရှင်စာရင်းများ စတင်ကြေညာ

ဂန့်ဂေါ် ဇွန် ၁၁

၂၀၁၅ ခုနှစ် ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ဂန့်ဂေါမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ဇွန် ၈ ရက်မှစတင်၍ ကပ်ထားကြေညာထားပြီဖြစ်ကာ မဲစာရင်းတွင် မိမိတို့၏ အမည်ပါ/မပါ သွားရောက်ကြည့်ရှုကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။

အဆိုပါကြေညာချက်တွင် မဲဆန္ဒရှင်စာရင်းများကို အသေးစိတ်ဖော်ပြထားသည့်အပြင် မိမိတို့၏အမည်မပါသူများ၊ အမည် သို့မဟုတ် အချက်အလက်မှားယွင်းမှုများ၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေခြင်း၊ ခေတ္တလာရောက်နေထိုင်ကြသူများ၏ အကြောင်းအရာများ စသည့်အချက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်လျှောက်ထားရန် အချက်များကို ဖော်ပြထားပြီး ဇွန် ၂၁ ရက်ထိ လျှောက်ထားနိုင်ကြောင်း သိရသည်။ **(၁၀၁)**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပ

မြစ်ကြီးနား ဇွန် ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၉ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ နှစ်စဉ်လူဦးရေ ခြောက်သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်ခြင်း၊ကင်ဆာအမျိုးမျိုးနှင့် အဆုတ်ရောဂါအမျိုးမျိုးဖြစ်ပွားကာ အချိန်မတိုင်မီ သေဆုံးလျက်ရှိကြောင်းနှင့် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အကောင်အထည်ဖော်ရာ၌ ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်သည် အဟန့်အတားတစ်ခုဖြစ်နေသဖြင့် ရှောင်ရှားရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်က ဖတ်ကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခမ်းအနားတက်ရောက်သူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုခဲ့ ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးရွာအုပ်စုချင်းဆက် တံတားတည်ဆောက်ပြီးစီး

မြန်အောင် ဇွန် ၁၁

မြန်အောင်မြို့နယ် သပြေကုန်း-ဒေါင်းကျလမ်းပေါ်မှ အရှည် ၄၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၀ ပေရှိ သံပေါင်ယက်မ သစ်သားကြမ်းခင်းညောင်တေးတံတား တည်ဆောက်မှုများ ဇွန် ၉ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ ဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လမ်းတံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တင်ဒါပိုလ်ျှင်ငွေဖြင့် ညောင်တေးတံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးသဖြင့် သပြေကုန်း-ဒေါင်းကျလမ်းပေါ်ရှိ ကျေးရွာအုပ်စုများမှ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လူမှုကူညီရေး အခမဲ့ဆေးကုခန်းများသို့ အောက်စီဂျင်ဘူးများလှူဒါန်း

ကျောက်ပန်းတောင်း ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်မှ သုဂတိရှင် နာမှုကူညီရေးအသင်းနှင့် မြို့ပေါ် ရပ်ကွက်များရှိ လူမှုကူညီရေးအသင်းရုံးများတွင် ဖွင့်လှစ်ထားသော အခမဲ့ဆေးကုခန်းများတွင် သုံးစွဲရန်အတွက် အောက်စီဂျင်ဘူးများကို ကျောက်ပန်းတောင်းမြို့မှ အလှူရှင်မိသားစုတစ်စုက ဇွန် ၉ ရက်တွင် လှူဒါန်းခဲ့သည်။

ကျောက်ပန်းတောင်း မြို့မကွက်သစ်ရပ်ကွက်မှ အလှူရှင် ဒေါ်ဒေါ်၊ ဒေါ်အုံးမြနှင့်မိသားစုက သုဂတိရှင်နာမှုကူညီရေးအသင်းအတွက် အောက်စီဂျင်ဘူးတစ်လုံး၊ လွတ်လပ်ရေးရပ်ကွက် မုဒိတာလူမှုကူညီရေးအသင်းအတွက် တစ်လုံး၊ ပြည်တော်သာရပ်ကွက် ဆွေသဟာလူမှုကူညီရေး အသင်းအတွက် တစ်လုံး၊ သီရိမင်္ဂလာရပ်ကွက် သီရိပရဟိတလူမှုရေးအသင်းအတွက်တစ်လုံးနှင့် သာယာအေးရပ်ကွက် မေတ္တာရိပ်လူမှုကူညီရေးအသင်းရုံးအတွက် တစ်လုံး လှူဒါန်းခဲ့ခြင်းဖြစ်ပြီး သုဂတိရှင် နာမှုကူညီရေးအသင်းအတွက် စတီးလ်လူနာထမ်းစင်တစ်ခုကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

သုဂတိရှင်နာမှုကူညီရေးအသင်းရုံးတွင် ယခင်ကအောက်စီဂျင် ၃၄ လုံးရှိပြီး၊ ယခုအခါအောက်စီဂျင် ၃၅ လုံးရရှိပြီဖြစ်သဖြင့် အရေးပေါ်လိုအပ်သောလူနာများကို ပိုမို၍ ထောက်ပံ့ကူညီနိုင်မည်ဖြစ်ကြောင်း၊ သုဂတိရှင် နာမှုကူညီရေးအသင်းသည် ရပ်ကွက်အသီးသီးမှ နေ့စဉ်အရေးပေါ်အောက်စီဂျင်ဘူးလိုအပ်သည့်လူနာများနှင့် မြို့နယ်ပြည်သူ့ဆေးရုံမှ လိုအပ်သောလူနာများအတွက် အခမဲ့ဖြည့်ဆည်းပေးလျက်ရှိကြောင်း အသင်းတာဝန်ရှိသူ တစ်ဦးက ပြောသည်။ အောက်စီဂျင်ဓာတ်ငွေ့အိုးကြီး တစ်လုံးလျှင် ဓာတ်ငွေ့ထည့်ခ ကျပ်တစ်သောင်းပေးရပြီး ၄၄းအိုးကြီးမှ အိုးသေး ၇ လုံး ခွဲဝေထည့်သွင်း၍ လိုအပ်သလိုကူညီပေးခြင်းဖြစ်ရာ တစ်လလျှင် အလျှံခံရရှိသည့် အသင်းပိုင်ငွေမှ ကျပ်ငါးသိန်းခန့် အကုန်အကျခံ၍ အိုးကြီးအလုံး ၅၀ ထည့်သွင်းပြီး အရေးပေါ်လိုအပ်သောလူနာများအား နေ့စဉ်အခမဲ့ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **နေအောင်(iprd)**

တံတားနှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဖွင့်ပွဲကျင်းပ

မြစ်ကြီးနား ဇွန် ၁၁

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးရန်ပုံငွေ ကျပ် ၄၂၃ သန်းဖြင့် မြစ်ကြီးနားခရိုင် လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် ဝိုင်းမော်-ဆဲဒုံး-ကန်ပိုက်တီးလမ်းပေါ် မန်ဝိန်းကြီးကျေးရွာအုပ်စုနှင့် ဆိုင်လော်ကျေးရွာအုပ်စုကြားရှိ ဆိုင်လော်တံတားဖွင့်ပွဲကို ဇွန် ၉ ရက်က ကျင်းပခဲ့သည်။

ဆိုင်လော်တံတားသည် အရှည်ပေ ၁၈၀ ရှိပြီး ယခင်ကြိုးတံတားကို ဘေလီသံပေါင် စတီးလ်ကြမ်းခင်းအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ တံတားဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျန်ခင်ဆိုင်းက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲစေရန် ပြည်သူ့အားလုံးက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးဦးစောသိန်းက ပြည်နယ်အတွင်း လမ်းတံတားများ ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကာ တံတားသစ်ကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်၊ ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးကြည်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတားကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ထို့နောက် မဒိန်ကျေးရွာအုပ်စုမှ လဘန်ကျေးရွာနှင့် တန်ဘောင်ကျေးရွာများ၌ ပြည်နယ်အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ဆောင်ရွက်ပြီးစီးသည့် ၂၄ နာရီလျှပ်စစ်မီးလင်းရေးလုပ်ငန်းများဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ဆက်လက်သွားရောက်ကာ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းမောင်ရွှေနှင့် ကျေးရွာရပ်မိရပ်ဝများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်ဇိုခိုင်က လျှပ်စစ်အသုံးပြုရာတွင် သတိပြုရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ် အကြောင်းသိကောင်းစရာများကို ဟောပြောခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများအားတွေ့ဆုံကာ လျှပ်စစ်မီတာရရှိရေး၊ မီးကြိုးသွယ်တန်းရာတွင် အဆင်ပြေစေရေးတို့အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

မြစ်ကြီးနား ဇွန် ၁၁

မြစ်ကြီးနားမြို့နယ် ကျန်းမာရေးဦးစီးဌာနကျောင်းကျန်းမာရေးအဖွဲ့၊ အခြေခံကျန်းမာရေးအဖွဲ့နှင့် ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနဌက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့များပူးပေါင်း၍ မြစ်ကြီးနားမြို့အတွင်းရှိ အခြေခံပညာကျောင်းများ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇွန် ၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ကချင်ပြည်နယ် ဌက်ဖျားတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဇော်ရိန်၊ မြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့မှ ဒေါက်တာဖြိုးနန္ဒာဆွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမကြီး ဒေါ်နင်မိုင်နှင့် ဘက်စုံသားဖွားဆရာမ၊ အရံသားဖွားဆရာမများ ပါဝင်သောအဖွဲ့က သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများ၏ ပံ့ပိုးကူညီမှုဖြင့် ကျောင်းများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ထားမှု အခြေအနေများကို စစ်ဆေးခြင်း၊ သုံးရေကန်များတွင် ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် Abate ဆေးခပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိန်ဝင်း(iprd)**

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရိုခေါဒါရိ ဇွန် ၁၁

ချင်းပြည်နယ် ရိုခေါဒါရိမြို့နယ် ခေါထီရိကျေးရွာ၌ ဖိုင်ဖွမ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၉ ရက်ကကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ရိုခေါဒါရိမြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းက အမှာစကားပြောကြားပြီး စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် မြို့အုပ်ချုပ်ရေးမှူးနှင့် ပြန်/ဆက်ဦးစီးမှူးတို့က စာကြည့်တိုက်သစ်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **နေစု(ချင်းရိုးမ)**

မကွေးမြို့၌ ကြိမ်သီးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေ

မကွေး ဇွန် ၁၁

မန္တလေးကုန်သည်များ၏ ဝယ်လိုအားမြင့်တက်မှုကြောင့် ဒေသတွင်း စျေးကွက်သစ်တစ်ခု ဖြစ်လာနေသည့် သစ်တောထွက်ပစ္စည်း တစ်မျိုးဖြစ်သော ကြိမ်သီးများကို မကွေးနယ်ခံ အဝယ်ဒိုင်အချို့က ဝယ်ယူစုဆောင်းနေကြပြီး စျေးကွက်ဖြစ်ပေါ်လာသော ၂ နှစ်တာကာလအတွင်း အဝယ်ဒိုင်များအပါအဝင် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း မကွေးဒေသခံ လုပ်ငန်းရှင် တစ်ဦးထံမှ သိရသည်။

ကြိမ်သီးများကို အနောက်ရိုးမနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နယ်များမှ ဝယ်ယူစုဆောင်းရရှိပြီး အမျိုးအစားအနေဖြင့် ကျားလျှာ(အခွန်) နှင့် ဖန်သီး(အလုံး)ဟူ၍ နှစ်မျိုးရှိရာ ကျားလျှာမှာ ယခင်နှစ်ကသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်တွင် ဖန်သီးကိုသာ တရုတ်ဝယ်လက်မှ လက်ခံဝယ်ယူကာ အခွံခွာတ်ပြီး တစ်ပိသာလျှင် ကျပ် ၇၅၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ကြိမ်သီးအရောင်းအဝယ်ဖြစ်တာ နှစ်နှစ်ပဲရှိသေးတယ်။ တရုတ်က အော်ဒါ ရတဲ့အသီးဆိုတော့ ထွက်တဲ့နေရာတွေမှာ လိုက်ပြီးရှာရဖွေရတယ်။ ကြိမ်သီးတစ်တင်းကို ကျပ် ၁၆၀၀၀ ကနေ ၁၇၀၀၀ ထိ ဈေးပေးပြီး ဝယ်ရပါတယ်။ ပဲခူးမြို့ကနေ မကွေးမြို့အထိ လုပ်သားစရိတ်နဲ့ သယ်ယူစရိတ် တစ်တင်းကို ငွေလေးထောင်လောက် ကုန်တယ်။ အလေ့ကျပေါက်တဲ့အပင်ကကောက်တဲ့အသီးဆိုတော့ သစ်တောဥပဒေနဲ့ ကင်းလွတ်ပြီးတော့ တောင်သူတွေ အတွက်လည်း တစ်ဖက်တစ်လမ်းကနေ အပိုဝင်ငွေရတာပေါ့။ ကျွန်တော်တို့က ဝယ်ပြီး ရလာတဲ့ကုန်ကြမ်းကို အလုပ်သမားတွေငှားပြီး အခွံခွာတ်ရတယ်။ အခွံခွာတ်ပြီး သန့်နေတာကိုမှ ဝယ်လက်ကကြိုက်တာ။ ကြိမ်သီးတစ်တင်းကို အခွံခွာရင် အစေ့ခြောက်ပိသာ လောက်ရတယ်၊ အခွံခွာတ်တဲ့သူတွေက ကြိမ်သီးကိုအဝတ်နဲ့ထုပ်ပြီး တုတ်တွေနဲ့အရင်ရိုက်ပြီးမှ အခွံပြန်ခွာတ်ကြတာ။ အလုပ်သမားခက တစ်ပိသာ အသန့်ခွာတ်ပြီး ၄၀၀ကျပ် ပေးပါတယ်။ လုပ်သားတစ်ယောက် တစ်နေ့ကို ငွေခြောက်ထောင်ကျော် ဝင်ငွေရနိုင်ပြီး မိသားစုလိုက် လုပ်တဲ့သူတွေဆို တစ်ရက်ငွေနှစ်သောင်းကျော်လောက်ရကြတယ်။ ကျွန်တော်တို့အတွက်လည်း ခေါက်ချိုးလောက် မြတ်တဲ့အလုပ်ပေါ့"ဟု မကွေးမြို့ကန်သာရပ်ကွက်နေ ကြိမ်သီးအဝယ်ဒိုင်တစ်ဦးက လုပ်ငန်းသဘာဝနှင့် ကြိမ်သီးစျေးကွက်အခြေအနေများကို အသေးစိတ်ရှင်းပြသည်။

မန္တလေးဝယ်လက်နှင့် မူဆယ်ဝယ်လက်များကို အားထားနေရသည့် ကြိမ်သီးလုပ်ငန်း၏ စျေးကွက်အတက်အကျနှင့် စျေးကွက်ဖြစ်တည်မှု ရှိ၊ မရှိအခြေအနေများကို တရားသေ သုံးသပ်ရန်ခက်ခဲပြီး စျေးနှုန်းအတက်အကျ မြန်ဆန်တတ်သောကြောင့် အော်ဒါရရှိမှသာ ဝယ်ယူစုဆောင်းရန် အဆင်ပြေပြီး ကြိုတင်လျှောင်ကုန်စနစ်ကျင့်သုံးရန် မဖြစ်နိုင်သေးကြောင်း အဆိုပါအဝယ်ဒိုင်က ဆက်ရှင်းပြသည်။

ကြိမ်သီးများကို ဖန်စီလက်ဝတ်ရတနာနှင့် အလှဆင်ပစ္စည်းများ အဖြစ် အသုံးပြုကြကြောင်း ကုန်ကြမ်းစျေးကွက် လာရောက်လေ့လာသော တရုတ်ကုန်သည်များထံမှ သိရသည်။ စျေးကွက် ဆက်လက်ရှိနေဦးမည်ဆိုလျှင်ကြိမ်သီးစုဆောင်းရောင်းချသူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ အားလုံး နှစ်စဉ်အဆင်ပြေနိုင်လိမ့်မည်ဟု ဒေသခံအဝယ်ဒိုင်များက ခန့်မှန်းထားကြသည်။

ဇေယျတု(မကွေး)

သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး စုပေါင်းလေ့ကျင့်

ထန်တလန် ဇွန် ၁၁

သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထန်တလန်မြို့ မီးသတ်တပ်ဖွဲ့ရုံးရှိ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းလေ့ကျင့်မှုများ ဇွန် ၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မီးသတ်တပ်ဖွဲ့ဝင်များဟာ မီးဘေးကယ်ဆယ်ရေးလုပ်ငန်းအပြင် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကိုပါ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားရင် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာတွေကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရေးအတွက် သန္ဓေတပ်ဖွဲ့ဝင်များနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး လက်တွေ့လေ့ကျင့်တာဖြစ်ပါတယ်"ဟု ထန်တလန်မြို့နယ်မီးသတ်တပ်ဖွဲ့တာဝန်ခံ ဦးရွှေကျုံးလျန်းက ပြောကြားသည်။

ထန်တလန်မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတွင် ဂါလံ (၁၂၀၀)ဆံ့ရေသယ်ယာဉ် တစ်စီး ၊ ဂါလံ (၈၀၀) ဆံ့ မီးသတ်ယာဉ်တစ်စီးနှင့် ဂါလံ ၄၀၀ ဆံ့ မီးသတ်ယာဉ် တစ်စီးရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထန်တလန်မြို့နယ် နှာရိန်းကျေးရွာမီးသတ်စခန်းအတွက် ဂါလံ (၁၂၀၀) ဆံ့ ရေသယ်ယာဉ် တစ်နှင့် ဂါလံ (၈၀၀)ဆံ့ မီးသတ်ယာဉ် တစ်စီး ထပ်မံရရှိခဲ့ရာ မြို့နယ်အတွင်း မီးသတ်လုပ်ငန်းများကို ယာဉ်ငါးစီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲ ပခုက္ကူတက္ကသိုလ်၌ ကျင်းပ

ပခုက္ကူ ဇွန် ၁၁

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ပခုက္ကူမြို့ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန် ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဦးချို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှဝင်း၊ ခရိုင်ဒုတိယကျန်းမာရေးမှူး ဒေါက်တာတင်မောင်ထွေး၊ ခရိုင်တရားသူကြီး ဦးမြင्ဍေးကျော်နှင့် ခရိုင်ဥပဒေအရာရှိ ဦးခင်မောင်ဝင်းတို့က ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကို အသိပညာပေးဟောပြောခဲ့သည်။ ယခုနှစ်တွင် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်မည့် ယင်းမာစီမံချက်အရ မေ ၂၆ရက်မှ ဇွန် ၂၆ရက်အထိ အထူးကာလအဖြစ်သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ခရိုင်မူးယစ်တပ်ဖွဲ့က မူးယစ်ဆေးဝါးပညာပေး လက်ကမ်းစာစောင်များကိုလည်းကောင်း၊ ပခုက္ကူယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များကိုလည်းကောင်း ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဥာဏ်တိုး(iprd)

မင်္ဂလာကုမ္ပဏီလိမိတက်

ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ပြည်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။ ဖုန်း - ၂၄၆၇၆ ၂ ၂၄၆၇၆၃

(ပြည်တွင်း၌သာခန့်ထားရန်)

(မြန်မာကျပ်ငွေဖြင့် ညီမျှခြင်းလစာသတ်မှတ်ပေးပါမည်။)

(ဝန်ထမ်းများအတွက် အစားအသောက်နှင့်နေထိုင်ရေးအတွက်ကိုကုမ္ပဏီမှစရိတ်ငြိမ်းစိစဉ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလိမိတတ် ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ပြည်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်-

(က) မန်နေဂျာ/ဒု-မန်နေဂျာ — အရည်အချင်း (၂)ဦး
- အသက် (၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထမန်နေဂျာ(ဒီပေါ်/ကြိုးကြပ်(မြေတ) — ကျား/မ (၆)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်၊ ပြွတ် — ကျား (၆)ဦး
- အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P), (E.P), (E.C) ၊ စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက် ဘာသာရပ်၊ Electrical (သို့) Mechanical မြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်းလျှော့ပေါ့ စဉ်းစားပေးမည်။

(ဃ) တန်းပြ၊ ရောင်း/သိမ်း — ကျား/မ (၁၀)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျိုဖြစ်ရမည်။

(င) မုန့်ဆိုင်အရောင်း — ကျား/မ (၆)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျိုဖြစ်ရမည်။

(စ) လုံခြုံရေး/ယာဉ်ရပ်နားစခန်း — ကျား (၁၀)ဦး
- အသက်(၂၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း (သို့) ရဲမှုထမ်းဟောင်းများဦးစားပေးမည်။

(ဆ) သန့်ရှင်းရေး — ကျား/မ (၁၀)ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(ဇ) ထမင်းချက် — မ (၃)ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဈ) ယာဉ်မောင်း (Driver) — ကျား (၃)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်။
- ကားကြီး၊ ကားလေးမောင်းနိုင်ရမည်။
- ကျွန်းမာရေးကောင်းမွန်ပြီးမျက်စိမှန်၊မျက်မှန်တပ်သူမဖြစ်စေရ၊
- အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလိမိတတ်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။

(တ) မှူးအတွင်းရေးမှူး (Office Secretary) — ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကားအရေးအဖတ်ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ထ) ကွန်ပျူတာကျွမ်းကျင်သူ — ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(ဒ) စာရင်းကိုင်/စာရင်းစစ် — ကျား/မ (၆)ဦး
- အသက်(၂၀)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- CPA,DA,LCCI III တစ်ခုခုအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဏ) ဟိုတယ်ရှေ့ကြို (Receptionist) — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကားရေးနိုင်၊ ပြောနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(တ) Hotel Waiter — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ထ) Housekeeping — ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဒ) Hotel Cook/Assistant Cook — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရာထူးအသင့်အတင့်ရှိပြီး ကျွန်းမာရေးကောင်းသူ ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် (၁၉ . ၆ . ၂၀၁၅) ရက်နောက်ဆုံးထား၍ ပတ်စပို့ပါတဲ့(၂)ပုံ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်တွဲကိုအုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သော အထောက်အထားများ တစ်ပါတည်းယူဆောင်၍ မုံအိုနိုင်အတွင်း မန်နေဂျာ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း- ၂၄၆၇၆ ၂ ၂၄၆၇၆၃(သိမ်ကြီးစေး ၁) ရုံ ရွှေတိုဝ်ဘုရားလမ်းလသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

(စနေနေ့ဝင်တနင်္ဂနေ့များတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။)

(ယခင်လျှောက်ထားပြီးသူများ မြန်လျှောက်ရန်မလိုပါ။)

- မန်နေဂျာ၊ ဒု-မန်နေဂျာ၊ လျှပ်စစ်/လေအေးစက်၊ ပြွတ်၊ ရောင်း/သိမ်း၊ မုံ့အတွင်းရေးမှူး ၀ည်ကြီ၊ Waiter, Housekeeping, Hotel Cook, စာရင်းကိုင်၊ ကွန်ပျူတာဝန်ထမ်း လျှောက်ထားသူများအား (၂၀ . ၆ . ၂၀၁၅) ရက် (စနေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း၊
- လ/ထမန်နေဂျာ၊ တန်းပြ၊ မုန့်ဆိုင်အရောင်း၊ လုံခြုံရေး၊ ကားပါတင်၊ ယာဉ်မောင်း(Driver)ထမင်းချက်၊ သန့်ရှင်းရေ ဝန်ထမ်းလျှောက်ထားသူများအား (၂၀ . ၆ . ၂၀၁၅)ရက် (တနင်္ဂနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ရန်ကုန်မြို့၊)

ပိုလန်၊ ပေါ်တူဂီ၊ ဂျာမနီတို့ နိုင်ပွဲဆက်ဦးမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲ

ယူရို ၂၀၁၆ ခြေစစ်ပွဲတွေကို ဇွန် ၁၃ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ပိုလန်နဲ့ဂျော်ဂျီယာ၊ အိုင်ယာလန်နဲ့ စကော့တလန်၊ အာမေးနီးယားနဲ့ ပေါ်တူဂီ၊ ဒိန်းမတ်နဲ့ ဆားဘီးယား စတဲ့အသင်းတွေဆင်နွှဲကြပါလိမ့်မယ်။ နောက်ဆုံးဝိုလ်လုပွဲစဉ်တွေအထိ တက်ရောက်နိုင်ဖို့အတွက် အသင်းတိုင်းအားထုတ်ကြမယ့်ပွဲတွေဖြစ်လို့ အကြိတ်အနယ်ရှိမယ့် ယှဉ်ပြိုင်မှုတွေကို အားပေးကြရဦးမှာ ဖြစ်ပါတယ်။

ပိုလန်နှင့် ဂျော်ဂျီယာ

အုပ်စု (D)မှာ ပိုလန်တို့ ငါးပွဲကစားပြီး ၁၁ မှတ်ရရှိထားသလို ဂျော်ဂျီယာတို့ကတော့ ငါးပွဲကစားပြီးချိန်မှာ သုံးမှတ်သာရရှိထားလို့ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်မရှိတော့ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှာ တွေ့ဆုံခဲ့စဉ်က ပိုလန်တို့ လေးဂိုးပြတ်နဲ့ နိုင်ထားပါတယ်။ ပိုလန်မှာ မီလာ၊ ဖီလစ်၊ ဂျီလစ်တို့က ဂိုးတွေသွင်းယူနိုင်သူတွေဖြစ်လို့ အခုပွဲလည်း ပိုလန်တို့ နိုင်ပွဲဆက်ဦးမှာဖြစ်ပါတယ်။

အိုင်ယာလန်နှင့် စကော့တလန်

အုပ်စု (D) မှာ စကော့တလန်တို့က ငါးပွဲကစားပြီး ၁၀ မှတ်ရရှိထားသလို အိုင်ယာလန်တို့က ငါးပွဲကစားပြီး ရှစ်မှတ်ရရှိထားပါတယ်။ နောက်ဆုံးဆုံတွေ့ခဲ့တဲ့ပွဲမှာ မာလိုနေးရဲ့သွင်းဂိုးနဲ့ စကော့တလန်တို့ တစ်ဂိုး ဂိုးမရှိနဲ့ နိုင်ပွဲရထားပါတယ်။ အိုင်ယာလန်တို့က စကော့တလန်တို့နဲ့ ဆုံတွေ့ခဲ့တဲ့ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ထားတာမို့ အခုပွဲမှာလည်း အနိုင်ရလဒ် မျှော်မှန်းလို့ မရနိုင်သေးပါဘူး။

အာမေးနီးယားနှင့် ပေါ်တူဂီ

အုပ်စု (I) မှာတော့ ပေါ်တူဂီတို့ လေးပွဲကစားပြီး ဂိုးမှတ်နဲ့အုပ်စုကို ဦးဆောင်နေပါတယ်။ အာမေးနီးယားလေးပွဲကစားပြီးချိန် ဘုန်စမ်မှတ်ရရှိပြီး အုပ်စု ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဆားဘီးယားတို့က လေးပွဲကစားပြီး တစ်မှတ်သာရရှိထားပါတယ်။ ပထမအကျော့ပွဲမှာ ဒိန်းမတ်တို့ က သုံးဂိုး တစ်ဂိုးနဲ့ နိုင်ပွဲရထားပြီး အမြင့်ဆုံးမျှော်မှန်းနိုင်မှ သရေပဲဖြစ်ပါတယ်။

ဒိန်းမတ်နှင့် ဆားဘီးယား

အုပ်စု (I) ရဲ့ ဒိန်းမတ်တို့ကတော့ တိုဆစ်နဲ့ ဘင့်တနာတို့က ဒိန်းမတ်အတွက် ဂိုးတွေသွင်းယူပေးနိုင်သူတွေ ဖြစ်ပါတယ်။ ဆားဘီးယားရဲ့ လက်ရှိခြေခွင်းက ကောင်းမွန်ပေမယ့် အဆုံးသတ်ပိုင်းအားနည်းနေတာမို့ ဒီပွဲမှာလည်း ဒိန်းမတ်တို့ နိုင်ပွဲပဲဖြစ်သွားဦးမှာပါ။

ဖာရိုးကျွန်းစုနှင့် ဂရီ

အုပ်စု(F)မှာ နှစ်သင်းစလုံး အခြေအနေ မကောင်းတော့ပါဘူး။ ဖာရိုးကျွန်းစုက ငါးပွဲကစား၊ သုံးမှတ်ရနေပြီး ဂရီတို့က ငါးပွဲကစား၊ နှစ်မှတ်သာရရှိထားပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ဖာရိုးကျွန်းစုက အက်မန်ဆင်ရဲ့ ဂိုးနဲ့ တစ်ဂိုး ဂိုးမရှိ နိုင်ပွဲရထားပါတယ်။ ဖာရိုးကျွန်းစုအသင်းနဲ့ဆုံတိုင်း နိုင်ပွဲရတာမျှားတဲ့ ဂရိတို့ အခုပွဲမှာ နိုင်ပွဲပြန်ရအောင် ကစားပါလိမ့်မယ်။

ဂျီဘရော်တာနှင့် ဂျာမနီ

အုပ်စု (D) မှာ ဂျာမနီတို့က ငါးပွဲကစား၊ ၁၀ မှတ်ရရှိထားပြီး ဂျီဘရော်တာတို့က ငါးပွဲကစားအပြီးမှာ ငါးပွဲစလုံးရှုံးထားပါတယ်။ ပထမအကျော့မှာ ဂျာမနီအတွက် မူလာကနှစ်ဂိုး၊ ဂျော့ဇီက တစ်ဂိုးသွင်းယူပြီး ယိုဂမ်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိတဲ့ တစ်ဂိုးအပါအဝင် လေးဂိုးပြတ်နဲ့ နိုင်ပွဲရထားပါတယ်။ အခုပွဲမှာလည်း ဂျီဘရော်တာတို့ ဂိုးမပြတ်ရေး ဟန့်တားရုံကလွဲပြီး မျှော်မှန်းချက်ထားလို့မရတဲ့ ပွဲပါပဲ။ ။

ဖိုးမြင့်လင်းလက်

ကောင်းမြတ်သူ စုစည်းသည်

ဘာစီလိုနာမှာပဲ ဆက်နေတော့မယ်ဆိုတဲ့ လူးဝစ်အန်းနရစ်

ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီမှာ သွင်းဂိုးအရေအတွက်အရ ရော်နယ်ဒိုကို မမီဘူး။ ရော်နယ်ဒိုက ပြိုင်ပွဲအရပ်ရပ်မှာ ၆၁ ဂိုးသွင်းတယ်။ မက်ဆီက ၅၈ ဂိုး။ ရော်နယ်ဒိုက လာလီဂါမှာ ၄၈ ဂိုးသွင်းပေမယ့် မက်ဆီက ၄၃ ဂိုးသာ သွင်းနိုင်တယ်။ ချန်ပီယံလိဂ်မှာ ကျတော့ မက်ဆီက ၁၀ ဂိုးသွင်းနိုင်သလို ရော်နယ်ဒိုကလည်း ၁၀ ဂိုး လိုက်သွင်းနိုင်တယ်ဆိုတော့ သွင်းဂိုး အနေအထားမှာ မက်ဆီဟာ ရော်နယ်ဒိုကို လိုက်မမီဘူး။ ရော်နယ်ဒိုထက်မသာဘူးဆိုပေမယ့် မက်ဆီဟာ ဒီရာသီမှာ ဘာစီလိုနာဆုဖလားသုံးလုံးရဖို့ အကောင်းဆုံး အထောက်အပံ့ပေးခဲ့တာ။ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ ဂိုးမသွင်းနိုင်သလို ဆွာရက်ဇ်သွင်းခဲ့တဲ့ ဒုတိယဂိုးဟာ မက်ဆီရဲ့ကန်ချက်ကနေ လျှံထွက်လာတဲ့ ဘောလုံးကို ပိတ်သွင်းခဲ့တာ။ ဆီမီးဖိုင်နယ်မှာ ဘိုင်ယန်နဲ့ဆုံတုန်းကနဲ့ ၁၆ သင်းအဆင့်မှာ မန်စီးတီးနဲ့ဆုံခဲ့ရတုန်းကလည်း သူ့ရဲ့အကောင်းဆုံးခြေစွမ်းတွေကြောင့် ဘာစီလိုနာနိုင်ခဲ့တာ။ စပိန်ဘုရင့်ဖလားနောက်ဆုံးဗိုလ်လုပွဲမှာလည်း ဘီလ်ဘာအိုကိုသွင်းခဲ့တဲ့ သူ့ရဲ့ဂိုးက သိပ်ကောင်းသလို လာလီဂါပြိုင်ပွဲမှာလည်း အကောင်းဆုံးခြေစွမ်းတွေနဲ့ တောက်လျှောက်အကျိုးပြုနိုင်ခဲ့တာ ဆိုတော့. . . .

ဒီနှစ်ဘောလုံးရာသီမှာ ရခဲ့တဲ့ ဘာစီလိုနာရဲ့အောင်မြင်မှု။ ပြီးတော့ အဲဒီအောင်ပွဲတွေရဖို့အတွက် ဘာစီလိုနာအပေါ် မက်ဆီရဲ့ အကျိုးပြုနိုင်အား နဲ့ သူ့ရဲ့ပင်ကိုအရည်အသွေး၊ နာမည်ကျော်ကြားမှုတွေကို ပေါင်းလိုက်တဲ့အခါ သွင်းဂိုးအနေအထားမှာ ရော်နယ်ဒိုကို မမီသော်ငြားအားလုံးက ၂၀၁၅ ရဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဟာ မက်ဆီပါပဲလို့ ကြိုတင်ဟောကိန်းထုတ်ကုန်ကြတယ်။ ပြီးတော့ တကယ်သာ အဲဒီအကောက်အယူအတိုင်းဖြစ်တည်ခဲ့ရင် ဘောလုံးကမ္ဘာမှာ မက်ဆီကို လိုက်မီနိုင်သူရှိနိုင်ပါ့ မလားလို့လည်း ဆိုကြတယ်။

အခုတောင်မှ မက်ဆီဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို လေးကြိမ်ရထားပြီးပြီ။ ဘောလုံးလောကမှာ အဲဒါဟာ စံချိန်တစ်ရပ်ဖြစ်သလို သူ့လိုကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို လေးကြိမ်ရယူနိုင်သူ မရှိသလို အဲဒီကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို သူ့လိုလေးကြိမ်ဆက် တိုက်ရဖူးသူလည်း မရှိဘူး။ ပြီးတော့ ဘောလုံးလောကမှာ သူရခဲ့တဲ့ ဆုတံဆိပ်တွေ၊ သူရခဲ့တဲ့ဆုဖလားတွေနဲ့ သူတင်ခဲ့တဲ့ စံချိန်တွေဆိုတာကလည်း သိပ်များလွန်းတယ်။ အခုနောက်ဆုံးရယူခဲ့တဲ့ချန်ပီယံလိဂ်ဆုဖလားဆိုတာက သူ့ရဲ့ဘောလုံးသမားဘဝအတွင်း ၂၆ ခုမြောက်ဆုဖလား။ လာလီဂါဆုဖလားကို ဒီတစ်ကြိမ်အပါအဝင် ခုနစ်ကြိမ်။ စပိန်ဘုရင့်ဖလားကို ဒီတစ်ကြိမ်အပါအဝင် သုံးကြိမ်၊ စပိန်စူပါဖလားကို ခြောက်ကြိမ်။ ဥရောပစူပါဖလားကို နှစ်ကြိမ်ကမ္ဘာ့ကလပ်များဖလားကို နှစ်ကြိမ်၊ အိုလံပစ်ရွှေတံဆိပ်တစ်ကြိမ်။ ကမ္ဘာ့လူငယ်ချန်ပီယံဆုတစ်ကြိမ်နဲ့ ချန်ပီယံလိဂ်ဆုဖလားကို ဒီတစ်ကြိမ်အပါအဝင် လေးကြိမ်ရခဲ့တာ။

ပြီးတော့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို အကြိမ်အရေအတွက် အများဆုံးရယူနိုင်သူ။ ပြက္ခဒိန်တစ်ခုအတွင်းဂိုးအများဆုံးသွင်းယူနိုင်သူ။ ကမ္ဘာ့ ဖလားပြိုင်ပွဲရဲ့ အကောင်းဆုံးဘောလုံးသမားဆုကို အကြိမ်အများဆုံး ရယူနိုင်သူ။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဟက်ထရစ်အကြိမ်အများဆုံးသွင်းယူနိုင်သူ။ ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဂိုးအများဆုံးသွင်းနိုင်သူအဖြစ် ရော်နယ်ဒိုနဲ့ပူးတွဲရပ် တည်နိုင်သူ။ နိုင်ငံတကာခြေစမ်းပွဲတွေမှာ အာဂျင်တီးနားအတွက် ဂိုးအများ ဆုံးသွင်းနိုင်သူ။ လာလီဂါပြိုင်ပွဲတစ်လျှောက် ပုံ့ပိုးပေးနိုင်မှုအများဆုံးကစားသမား။ လာလီဂါမှာ တစ်ရာသီအတွင်း ဟက်ထရစ်အများဆုံးသွင်းနိုင်သူ။ ဘာစီလိုနာအတွက် ဂိုးအများဆုံးသွင်းနိုင်တဲ့ကစားသမား။ ဘာစီလိုနာရဲ့ ဟက်ထရစ်အများဆုံးရကစားသမားဆိုတဲ့ စံချိန်အများအပြားကို တင်နိုင်ခဲ့တဲ့အပြင် တစ်ဦးချင်း ဆုတံဆိပ်ပေါင်း ၁၀၀ ကျော်ကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဆိုတော့။ အားလုံးရဲ့ ကောက်ချက်ဆွဲမှုအတိုင်း ၂၀၁၅ ရဲ့ ကမ္ဘာ့အကောင်းဆုံး ဆုကိုပါ ထပ်ရခဲ့ရင် မက်ဆီကို လိုက်မီနိုင်သူ ဘောလုံးကမ္ဘာမှာ ရှိလာနိုင်ပါ့မလား။

တကယ်တော့ အဲဒီလောက်အထိ ပြီးပြည့်စုံနေတဲ့ မက်ဆီမှာတောင်မှ လိုအပ်ချက်ကြီးကြီးမားမားတစ်ခုကရှိတယ်။ နိုင်ငံလက်ရွေးစင်အသင်းနဲ့ အောင် မြင်မှုကြီးကြီးမားမားရယူနိုင်ခြင်းမရှိမှုဖြစ်သလို အဲဒါဟာ မက်ဆီရဲ့ ဘောလုံးသမားဘဝအတွက် အမည်းစက်ဖြစ်ပြီး သူ့ရဲ့ပြီးပြည့်စုံမှုကို မေးခွန်းထုတ်စရာလည်းဖြစ်စေတယ်လို့ လက်ခံယုံကြည်ကြတယ်။ မက်ဆီဟာ အာဂျင်တီးနားနဲ့ ၂၀၀၈ အိုလံပစ်ပြိုင်ပွဲမှာ ချန်ပီယံဆုရယူနိုင်ပြီး ၂၀၀၅ လူငယ်ကမ္ဘာ့ဖလားမှာလည်း ချန်ပီယံဆုရယူနိုင်ခဲ့ပေမယ့် လက်ရွေးစင်အသင်းကြီးနဲ့တော့ အောင်မြင်မှုတစ်စုံတစ်ရာ ရယူနိုင်ခြင်း မရှိခဲ့ဘူး။ မနှစ်က ကမ္ဘာ့ဖလားမှာ ဗိုလ်လုပွဲအထိ တက်နိုင်ပေမယ့် ချန်ပီယံမဖြစ်ခဲ့ဘူး။ ၂၀၀၇ ကိုပါအမေရိကဖလားမှာလည်း ဗိုလ်လုပွဲအထိ တက်နိုင်ပေမယ့် ချန်ပီယံမဖြစ်ခဲ့ဘူး။ မက်ဆီဟာ အာဂျင်တီးနားနဲ့အတူ အောင်မြင်မှုတွေရဖို့နီးစပ်ပေမယ့် နောက်ဆုံးမှာ အခုအထိ လက်ရွေးစင်ဘဝအောင်မြင်မှုကို မရသေးမှုဟာ သူ့ဘောလုံးသမားဘဝအတွက် ဒီတစ်ကြိမ် ကိုပါအမေရိကဖလားပြိုင်ပွဲမှာရော အဲဒီကွက်လပ်ကို မက်ဆီဖြည့်စွမ်းနိုင်မလားဆိုတာ စိတ်ဝင်စားကုန်ကြတယ်။

တကယ်တော့ ဒီတစ်ကြိမ် ကိုပါအမေရိကဖလားပြိုင်ပွဲဝင်မယ့် အာဂျင်တီးနားဟာ ပြိုင်ပွဲဝင် ၁၂ သင်းအနက် အတောင့်တင်းဆုံးအသင်းအဖြစ် သတ်မှတ်ခြင်းခံထားရကာ ဗိုလ်စွဲနိုင်စွမ်းရှိသလို ဗိုလ်စွဲဖို့ပါ ရေပန်းအစားဆုံးဖြစ်နေတဲ့ အခါ မက်ဆီအတွက် အခွင့်အရေးက ပိုပြီးကောင်းမွန်နေတယ်လို့ တွက်ကြပါတယ်။ တကယ်လို့များ မက်ဆီဟာ ဒီတစ်ကြိမ် ကိုပါအမေရိကဖလားမှာ အာဂျင်တီးနားကိုသာ ဗိုလ်စွဲအောင်အကောင်းဆုံးပုံ့ပိုးပေးနိုင်ခဲ့ရင် သူ့ရဲ့ဘောလုံးသမားဘဝမှာ စွန်းထင်းနေတဲ့ အမည်းစက်လည်း ပျောက်ကွယ်သွားမှာဖြစ်သလို အဲဒါဟာ ၂၀၁၅ ကမ္ဘာ့အကောင်းဆုံး ဆုရဖို့ ကိုပါ ပိုမိုသေချာစေနိုင်တာကြောင့် ချန်ပီယံလိဂ်ပြိုးဆုံးခဲ့ပေမယ့် ကိုပါအမေရိကဖလားမှာ မက်ဆီကိုအားလုံးက ဆက်လက်စောင့်ကြည့်နေကြတယ်လို့သာ ဆိုချင်မိပါတယ်။ ။

ရောမမြို့သို့ ရောက်ရှိနေရခြင်း အကြောင်းအရင်းကို မန်ယူတိုက်စစ်မှူးဗန်ပါစီ ရှင်းလင်း

ပရီမီယာလီဂ်ကလပ် မန်ယူအသင်းတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီက သူသည် လာဇီယို သို့မဟုတ် ရိုးမားသို့ ပြောင်းရွှေ့မည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကို ငြင်းဆိုလိုက်ပြီး အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိနေခြင်းမှာ အလည်အပတ်ခရီးထွက်လာခြင်းသာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်သာ ကျန်ရှိတော့သူ ဟော်လန်တိုက်စစ်မှူး ဗန်ပါစီသည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်း၌ ပုံမှန်ကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ခြင်းကြောင့် သူ၏ မန်ယူကစားသမားဘဝအနာဂတ်နှင့် ပတ်သက်၍ စဉ်းစားနေကြောင်း သတင်းများ ထွက်ပေါ်နေသူဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက တိုက်စစ်မှူး ဗန်ပါစီသည် စီးရီးအေကလပ်များဖြစ်သည့် လာဇီယိုနှင့် ရိုးမားအသင်းတို့ အခြေစိုက်ရာ ရောမမြို့ရှိ Fiumicino လေဆိပ်တွင် လေဆိပ်ဝန်ထမ်းတစ်ဦးနှင့် တွဲဖက်ရိုက်ကူးထားသည့် ဓာတ်ပုံထွက်ပေါ်လာခဲ့ပြီးနောက် ဗန်ပါစီသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းတွင် လာဇီယို သို့မဟုတ် ရိုးမားသို့ ပြောင်းရွှေ့လိမ့်မည်ဟု ထင်ကြေးပေးမှုများ ပိုမိုထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း လာဇီယိုအသင်း ဥက္ကဋ္ဌ ကလော်ဒီယိုလိုတီတိုက တိုက်စစ်မှူး ဗန်ပါစီအား ခေါ်ယူမည်ဆိုသည့် သတင်းများကို ငြင်းဆိုခဲ့ပြီး ရိုးမားအသင်းကလည်း ဗန်ပါစီကို ခေါ်ယူရန် စိတ်ဝင်စားမှုမရှိကြောင်း သတင်းအချို့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဗန်ပါစီက ရောမမြို့သို့ ရောက်ရှိခဲ့ခြင်းနှင့်ပတ်သက်၍ "လာဇီယို ဒါမှမဟုတ် ရိုးမားအသင်းကို ကျွန်တော် ပြောင်းရွှေ့လာမယ်ဆိုတာက ကောလာဟလသတင်းတွေပါ။ ရောမမြို့ကတော့ အမှန်တကယ်ကို လှပတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကျွန်တော်ဟာ ဘောလုံးအားကစားနဲ့ ကင်းဝေးရာမှာ ရှိနေပါ တယ်။ ရောမမြို့ကို ကျွန်တော့်ဇနီးနဲ့အတူ လာရောက်လည်ပတ်ဖို့ အမြဲဆန္ဒ ရှိခဲ့တာပါ။ အခု ဒီအခွင့်အရေးကို ကျွန်တော်ရခဲ့ပါပြီ။ ဒီခရီးဟာ အလွန်နှစ်သက်ဖို့ကောင်းတဲ့ခရီးပါ"ဟု ပြောဆိုခဲ့သည်။

မန်ယူအသင်း မန်နေဂျာ လူးဝစ်ဗန်ဟားလ်သည် အသင်း၏ တိုက်စစ်ကို ပြုပြင်ပြောင်းလဲရန်အတွက် နွေရာသီဈေးကွက်ကာလအတွင်း တိုက်စစ်မှူး ဗန်ပါစီအား အသင်းမှ ဖယ်ထုတ်ရန် အဆင်သင့်ရှိနေသည်ဟုဆိုသည်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗန်ပါစီသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် မန်ယူအတွက် စုစုပေါင်း ၂၉ ပွဲသာ ပါဝင်ကစားခွင့် ရရှိခဲ့ကာ ၁၀ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး

ဆားလင်းကြီးမြို့တွင် တောင်တော်ကြိုရိုးရာနတ်ပွဲ တစ်နှစ်ထက်တစ်နှစ်စည်ကားလာ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့၏ ထင်ရှားလှသော တောင်တော်ကြိုရိုးရာနတ်ပွဲသည် နယုန်လပြည့်ကျော် ၅ ရက်မှ နယုန်လပြည့်ကျော် ၁၀ ရက်အထိ ပွဲတော်ရက်ရှည်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ရာ ယခုနှစ်တွင် ယခင်နှစ်များထက် ပိုမိုစည်ကားနေသည်ကို တွေ့မြင်ရသည်။

ရှေးယခင်က တောင်တော်ကြို ရိုးရာနတ်ပွဲသည် တစ်ရက်သာကျင်းပသောနတ်ပွဲဖြစ်ကြောင်းသိရှိရပြီး လွန်ခဲ့သောနှစ် ၅၀ ခန့်မှစ၍ သက္ကရာဇ် ၁၁၇၈ ခုနှစ်က ကုန်းဘောင်ခေတ် ဗန္ဓုဂျိဝန်မင်းကြီး ဦးထောင်ဗိုလ် တည်ထားကိုးကွယ်ခဲ့သည့် ဥဏှတော် ၇၅ တောင်၊ ဘုရားပရိဝုဏ် ခုနစ်ဧကအကျယ်အဝန်းရှိသည့် ဓာတ်ပေါင်းမဏ္ဍပဘုရားကြီးကိုအာရုံပြု၍ တောင်ပေါ်ကျောင်းဆရာတော် ဦးအာဒိစ္စဝံသ၏ မိန့်ကြားမှုဖြင့် ဗုဒ္ဓပူဇနီယပွဲတော်ကိုလည်း ၎င်းတောင်တော်ကြို ပွဲတော်ရက်များမှာပင် ပူးတွဲကျင်းပစေခဲ့သောကြောင့် အရပ်ခေါ် (ဘုရားပွဲတစ်ပိုင်း၊ နတ်ပွဲတစ်ပိုင်း ပူးတွဲ)ပွဲတော်အဖြစ် ကျင်းပနေခြင်းဖြစ်ကြောင်း ဘုရားဂေါပကများထံက သိရှိရသည်။

ဆားလင်းကြီး မြို့နယ်သူ မြို့နယ်သားများ ပင်နေနေ ယခုလိုပွဲတော်ရက်များဆိုလျှင် မဖြစ်မနေအရောက်လာ၍ ရေစင်သောက်လာကြရကြောင်း၊ ရေစင်သောက်ရင်း မိမိတို့အိမ်မှာလိုအပ်နေသော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် တောင်သူလုပ်ငန်းခွင်အတွက် ထွန်တုံး၊ ထွန်တံ၊ လှည်းဆောင်ပန်း၊ သစ်သား၊ ဝါး၊ တောင်း၊ ဆန်ကော၊ ဆန်ခါ၊ အုပ်ဆောင်း၊ နှီးခမောက်အစရှိသော တောင်သူသုံးပစ္စည်းများကိုပါ ပွဲတော်ရက်အတွင်း လှည့်လည်ဝယ်ယူကြကြောင်းလည်း သိရှိရသည်။ တောင်တော်ကြိုပွဲရက်များတွင် အုန်းသီးများ မည်မျှပင်များပြားစေကာမူ ပွဲတော်ရက်မကုန်သေးခင်မှာပင် ရောင်းကုန်သွားသည်ကိုလည်း တွေ့မြင်ရသည်။ အုန်းသီးတစ်လုံး ငွေကျပ် ၄၀၀၊ သုံးလုံးကျပ် ၁၀၀၀ စသည့် အကြီးအသေး၊ အရွယ်အစားမှန်သမျှ ရောင်းအားအကောင်းဆုံးသော သရေစာဖြစ်ခဲ့သည်။

တစ်နှစ်မှတစ်ကြိမ်သာ ကျင်းပလာခဲ့သော ဗုဒ္ဓပူဇနီယပွဲတော် သို့မဟုတ် တောင်တော်ကြိုရိုးရာနတ်ပွဲသည် ဆားလင်းကြီးမြို့နယ်သူ မြို့နယ်သားတို့၏ တစ်နှစ်ပတ်လုံး လိုအပ်သည့်ပစ္စည်းများကို ပွဲတော်ရက်အတွင်းမှာပင် အပြိုင်အဆိုင်ဝယ်ယူကြခြင်းဖြစ်ကြောင်း ဒေသခံများက ပြောဆိုနေကြသည်။

ဦးငယ်(ဆားလင်းကြီး)

မွန်ပြည်နယ်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မွန်ပြည်နယ်၌ကျင်းပ

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ် သစ်တော/သတ္တုဝန်ကြီး ဦးဝင်းမော်ဦးက အဖွင့်အမှာစကားပြောကြားကာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်းဆွေးနွေးပြောကြားပြီး ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုင်အက်စတာက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဗေဒဌာနမှ ပါမောက္ခ ဒေါက်တာစံသာထွန်းက ပင်လယ်သမုဒ္ဒရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းကို ဆွေးနွေးတင်ပြပြီး ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် **"လူသားသန်းခုနစ်ထောင်ရဲ့ မျှော်မှန်းချက်တွေပြည့်ဝဖို့ တို့ကမ္ဘာကြီးကိုထိန်းသိမ်းစို့"** ဆိုသည့် ဗီဒီယိုခွေကို ပရိုဂျက်တာဖြင့် ပြသခဲ့ကြောင်း သိရသည်။

ပြည်နယ်(မြန်/ဆက်)

4 HD TV
နွေရာသီ ကျောင်းပိတ်ရက် အထူးပရိုမိုးရှင်း
TV 5 NETWORK
ဇွန်လ (၁၅) ရက်နေ့ အထိသာ
အသစ်ဝယ်ယူသူများအတွက် အထူးဈေးနှုန်း
စက် + ကတ် 25,000 KS
PREMIUM PACKAGE တစ်လလျှင် 4,750 KS
SPORTS PACKAGE တစ်လလျှင် 5,900 KS
အမြိုမြို့အနယ်နယ်ရှိ အရောင်းပြခန်းများနှင့် အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူသက်တမ်းတိုးနိုင်ကြပါပြီ။
HOTLINE : 01-400878 I 01-2306166

ချင်းပြည်နယ်

မင်းတပ်မြို့နယ် အုံကျေးရွာအလယ်တန်းကျောင်း(ဆိုင်ရှင်)သစ်ဖွင့်

မင်းတပ်မြို့နယ် အုံကျေးရွာအလယ်တန်းကျောင်း(ဆိုင်ရှင်)သစ်ဖွင့်ပွဲကို ဇွန် ၁၀ရက် နံနက် ၁၁ နာရီခွဲက အုံကျေးရွာ၌ကျင်းပရာ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလိန်းကီး၊ မြို့နယ်ထွေ/အုပ်မှ ဒုတိယဦးစီးမှူးဦးမင်းကျော်သူနှင့် အုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးလိန်းအွမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မင်းတပ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးလိန်းကီး၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးရှိန်းအောင်တို့ တက်ရောက်ကြသည်။

အဆိုပါကျောင်း၌ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၅၃ ဦးရှိပြီး အုံကျေးရွာအပြင်အနီးအနားရှိကျေးရွာများဖြစ်သည့် ကင်းလှ၊ မဒါအိမ်နူး၊ ချိုင်၊ ခူးလူး၊ နှမ်း၊ ရှစ်၊ ထာအိမ်နူးစသည့်ကျေးရွာများမှ လာတက်ကြကြောင်း၊ ကျောင်းဆရာမကိုးဦးဖြင့် သင်ကြားလျက်ရှိကြောင်း သိရသည်။

မင်းတပ်မြို့မှ ၂၈ မိုင်ကွာဝေးပြီး ရွာပေါင်းရှစ်ရွာမှ ကလေးများ အလယ်တန်းအဆင့်ပညာသင်ကြားခွင့်ရလာလို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးရှိကြောင်း ကျောင်းအုပ်ဆရာမကြီးက ပြောသည်။

(ခရိုင် ပြန်/ဆက်)

ရခိုင်ပြည်နယ်

မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ တောင်ကုတ်မြို့၌ စတင်ထုတ်ချေး

၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေးပွဲကို ဇွန် ၅ ရက်က တောင်ကုတ်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပရာ ချေးငွေအကြံပေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေး ဦးလူမော် တက်ရောက်အမှာစကားပြောကြားပြီး တောင်ကုတ်ဘဏ်ခွဲမန်နေဂျာ ဦးကျော်ကျော်မိုးက ချေးငွေထုတ်ယူသူ လယ်သမားများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တောင်ကုတ်မြို့နယ် ရန်ခေါ်ကျေးရွာအုပ်စုနှင့် ကိုင်းရှည်ကျေးရွာအုပ်စုများရှိ ချေးငွေစည်းမျဉ်း စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ယခင်နှစ်ချေးငွေများ ပြေကျေပြီး ပုံစံ(၇) တင်ပြနိုင်သူ သုံးဦးအဖွဲ့ ၁၉ ဖွဲ့မှ တောင်သူ ၅၇ ဦးသို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၈၂ သိန်း စတင်ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(iprd)

မန္တလေးတိုင်းဒေသကြီး

မိတ္ထီလာမြို့လမ်းမကြီးငါးလမ်းရှိ လမ်းများတိုးချဲ့ပြုပြင်သွားမည်

မိတ္ထီလာမြို့သည် ရန်ကုန်-မန္တလေး၊ တောင်ကြီး၊ မြင်းခြံ၊ ကျောက်ပန်းတောင်းသွား ငါးလမ်းဆုံမြို့ဖြစ်သည်။ မိတ္ထီလာမြို့ ဖွံ့ဖြိုးတိုးတက်သာယာလှပရေးအတွက် နိုင်ငံတော်စီမံချက်ဖြင့် လမ်းမကြီးငါးသွယ်ဘေးရှိ လမ်းများကို တိုးချဲ့ပြုပြင်သွားမည်ဖြစ်သည်။

လမ်းမကြီးငါးသွယ်ဘေးရှိ မူလလမ်းအလယ်ကို ဗဟိုပြု၍ လမ်းလယ်မှ လမ်းဘေးဝဲယာသို့ တစ်ဖက် ၂၄ ပေ၊ စုစုပေါင်းအကျယ် ၄၈ ပေအထိ လမ်းသားချဲ့ထွင်ပြီး လမ်းဘေး ဝဲယာလမ်းပခုံး တစ်ဖက်ငါးပေစီ စုစုပေါင်း လမ်းအကျယ် ၅၈ ပေ လေးလမ်းသွားအထိ တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်သည်။

လမ်းမကြီးငါးလမ်းကို တိုးချဲ့ပြုပြင်ရန်အတွက် လမ်းမလွတ်သည့် သစ်ပင်ကြီး အပင် ၉၀ ကျော်၊ လမ်းဘေးလျှပ်စစ်ဓာတ်တိုင်များနှင့် တယ်လီဖုန်းဓာတ်တိုင်များကို ယုဇနဆောက်လုပ်ရေးကုမ္ပဏီ၊ မြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီ၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီ၊ တောင်ပေါ် ဒေသဆောက်လုပ်ရေးကုမ္ပဏီနှင့် ထွန်းညိုလူဆောက်လုပ်ရေးကုမ္ပဏီတို့က လမ်းအလိုက်တာဝန်ယူဆောင်ရွက်သွားကြမည်ဖြစ်သည်။

ယခုအခါ လမ်းမကြီးငါးသွယ်တိုးချဲ့ရန်အတွက် ရန်ကုန်-မန္တလေး လမ်းမကြီးနှင့် ကျောက်ပန်းတောင်းလမ်းဘေးတို့ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ လမ်းမငါးသွယ်ရှိလမ်းဘေးဝဲယာများကို မြို့အဝင်မုခ်ဦးမှ ပေ ၃၀ အကွာပတ်လည်ရှိ ချုံနွယ်များနှင့် တံတား၊ ရေမြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းတို့ကို ကုမ္ပဏီများက အမြန်ဆုံးဆောင်ရွက်သွားရန် လမ်းဦးစီးဌာနက သက်ဆိုင်ရာများသို့ ဇွန် ၅ ရက်က ထုတ်ပြန်ထားသည်။ လမ်းမကြီးငါးသွယ် လမ်းဘေးဝဲယာရှိ လမ်းနှင့် မလွတ်ကင်းသော အိုးအိမ်တိုက်တာများကိုလည်း အမြန်ဆုံးဖယ်ရှားပေးရန် နှိုးဆော်ထားကြောင်း သိရသည်။

မိတ္ထီလာမြို့အဝင် နတ်မောက်ကန်ပေါင်ရိုးပေါ်ရှိ သာစည်ကားလမ်းကိုလည်း မြို့တွင်းမှရန်ကုန်ဘက်သို့ အသွားလမ်းအဖြစ် နတ်မောက်ကန်ပေါင်ရိုးအပေါ် ယခင်လမ်းဟောင်းသွားရန်နှင့် ရန်ကုန်-သာစည်ဘက်မှ မြို့တွင်းအဝင်လမ်းကို နတ်မောက်ကန်ပေါင်ရိုးအောက် ဖောက်လုပ်သည့် ကားလမ်းသစ်မှ တစ်လမ်းမောင်းစနစ်အဖြစ် အသွားတစ်လမ်း အပြန်တစ်လမ်းဖောက်လုပ်သွားမည်ဖြစ်သည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောရှင်းလင်းရေးအတွက် ဆောင်ရွက်သွားခြင်းဖြစ်သည်ဟု သိရသည်။

တင်လှိုင် (မိတ္ထီလာ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အမှတ်(၂)အထကတွင် ဌေကျပ်သိန်း ၁၀၀ ကျော် ကုန်ကျသည့် သပြေဆောင် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၁၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ် ထောက်/ကူပြု ဥက္ကဋ္ဌဦးအောင်ခင်၊ ကျောင်းအုပ်ကြီး ဦးလူထွန်းနှင့် ဆရာမကြီး ဒေါ်ကြင်ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

စိုင်း(သီပေါ)

မန္တလေးတိုင်းဒေသကြီး

မြနန်းစံကျော် ရွှေနန်းတော်ကြီးပြုပြင်မွမ်းမံမှု ကျပ်သိန်း ၄၈၀ သုံးစွဲမည်

မင်းထက်အောင်(မန်းကိုယ်ပွား)

ရွှေနန်းတော်ကြီးအား ပြန်လည်ပြုပြင် မွမ်းမံမှုမပြုလုပ်ခဲ့သည်မှာ ကြာမြင့်နေပြီဖြစ်သကဲ့သို့ ရှေးဟောင်းအမွေ အနှစ်အဆောက်အအုံများ ပပြင်မွမ်းမံရာတွင်ကန့်သတ်ချက်များရှိ

မန္တလေးမြို့ နန်းမြို့တွင်းရှိ သမိုင်းဝင် ရှေးဟောင်း အဆောက်အအုံတစ်ခုဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကြီးကို ပြန်လည်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ငွေကျပ်သိန်း ၄၈၀ အကုန်အကျခံ သုံးစွဲသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။

အဆိုပါ ပြန်လည်ပြုပြင်မှုလုပ်ငန်းများကို ဇွန်လဒုတိယပတ်မှစတင်၍ ဆောင်ရွက်မည်ဖြစ်ပြီး နန်းမြို့ပတ်လည်ရှိ ယိုယွင်းပျက်စီးနေသော နန်းမြို့ရိုးပြာသာဒ်အမှတ်(၉)နှင့်(၁၀)၊ ဘဝရှင်မင်းတုန်းမင်းတရားကြီးနှင့် ဆွေတော်မျိုးတော်များ၏ အုတ်ဂူများနှင့် နန်းခုံအတွင်းရှိ နန်းဆောင်များကို မွမ်းမံပြုပြင်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုပြုပြင်မွမ်းမံမှုမှာကျွန်တော်တို့ဌာနအနေနဲ့ ကိုယ်လိုချင်တဲ့ပုံစံကို စစ်ဆေးကြီးကြပ်ရုံပါပဲ။နေပြည်တော်မှာ တင်ဒါရွေးချယ်ရေးအဖွဲ့ကတင်ဒါခေါ်ပြီး တင်ဒါအောင်မြင် ထားတဲ့ဆောက်လုပ်ရေးကုမ္ပဏီမှာ မြန်မာမှုဗိသုကာပညာရှင်တွေပါပြီးသားပါ။ ပြုပြင်ထိန်းသိမ်းတဲ့အတွေ့အကြုံတွေလည်းအများကြီးရှိပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ရွှေနန်းတော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံမှုမပြုလုပ်ခဲ့သည်မှာ ကြာမြင့်နေပြီဖြစ်သကဲ့သို့ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ ပြုပြင်မွမ်းမံရာတွင် ကန့်သတ်ချက်များရှိပြီး ရှေးဟောင်းသုတေသနဌာနအနေဖြင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး အရေးပေါ်ပြုပြင်ထိန်းသိမ်းရမည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆိုသည်။

ထို့အပြင် နန်းခုံ မှန်နန်းဆောင်အနီးရှိ သန့်စင်ခန်းကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပြီး နန်းခုံအပြင်ဘက် သင့်လျော်သောနေရာတွင် နှစ်ခန်းတွဲသန့်စင်ခန်းတစ်ခုကို ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကာ အဆိုပါ လုပ်ငန်းများအား ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခဲ့သည့် ချိုချိုဇော်ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပန်းတောင်းမြို့နယ်အတွင်းရှိ သပြေကုန်းကျေးရွာ၊ တဲကုန်းကျေးရွာနှင့် သောက်သုံးရေရှားပါးသော ကျေးရွာများသို့ ရေသယံဇာတများဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိရာ ဇွန် ၁၀ ရက်က သပြေကုန်းကျေးရွာ၌ ဒုတိယဦးစီးမှူး ဒေါ်အေးအေးမာနှင့် ဝန်းထမ်းများက သောက်သုံးရေများ ဖြန့်ဝေပေးနေမှုကိုတွေ့ရစဉ်။

(မြို့နယ် ပြန်/ဆက်)

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းစီမံချက် (ယင်းမာ)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၈ ရက် နံနက် ၁၀ နာရီက ဟိုပုံးမြို့နယ်စင်ငေါကျေးရွာအုပ်စု စအွန်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းဦးခမ်းက စာဖတ်ခြင်းဖြင့် မူးယစ်အန္တရာယ်ရှောင်ရှားရန်အကြောင်းကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်သိန်းက မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များကို ကျန်းမာရေးအမြင် ရှုထောင့်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမောင်မောင်ဝင်းက ဘိန်းစိုက်ပျိုးမှုပယ်ဖျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း ဟောပြောကြသည်။ တက်ရောက်လာသည့် ကျေးရွာပြည်သူများက မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာပေရေချမ်းစင်စာအုပ်များဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍မြို့နယ်ဆရာဝန်ဒေါက်တာမောင်မောင်သိန်း ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက စင်ငေါကျေးရွာအုပ်စုအတွင်းရှိ ၂၄ ရွာမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးစစ်ဆေးမှုအနေဖြင့် ဆေးဝါးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နန်းဦးခမ်း(ဟိုပုံး)

မန္တလေးတိုင်းဒေသကြီး

လူသားတို့အတွက် အကျိုးပြုသည့် ထန်းပဒေသာပင်

အညာဒေသများတွင် ထန်းပင်များပေါများ ပေါက်ရောက်သည်ကို တွေ့ရသည်။ ထန်းပင်ကို ရုက္ခဗေဒလိုအားဖြင့် (BORASSNS FLABELLIFER) ဟု ခေါ်ဆိုသည်။ ပါဠိလိုအားဖြင့် တာလ၊ ဟိန္ဒူဘာသာဖြင့် တာလ်ဟု ခေါ်ဆိုသည်။ ထန်းပင်တစ်ပင်လုံးသည် လူသားတို့အတွက် များစွာအကျိုးပြုသည်ကို တွေ့ရသည်။ ထန်းပင်သည် အိမ်သုံးပစ္စည်းများ၊ ထန်းလျက်၊ မုန့်ခဲဖွယ်၊ သရေစာများနှင့် ကျန်းမာရေးအတွက် ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုကြသည်။ ထို့ကြောင့်လည်း ထန်းပင်ကို ပဒေသာပင်အဖြစ် သတ်မှတ်ထားကြသည်။

ထန်းပင်သည် အလေ့ကျပေါက်ရောက်ပြီး လူတို့က စိုက်ပျိုးကြသည်။ ထန်းပင်စိုက်ပျိုးရန် ထန်းသီးစေ့ကို အသုံးပြုရသည်။ ထန်းသီးစေ့ကိုမှောက်၍ စိုက်ပါက အဖိုပင်ရပြီး ပက်လက်လှန်စိုက်က အမပင်ကို ရရှိသည်။ ထန်းအဖိုပင်သည် အသီးမသီးဘဲ ထန်းနို့ခိုင်သာထွက်သည်။ ထန်းမပင်ကသာ အသီးသီးသည်။ ထန်းစေ့ကိုအပင်စိုက်က အညောင့်ထွက်စကို ထန်းညောင့်၊ အရွက်ငယ်နှစ်ရွက်သုံးရွက် ကျေးမြီး(သို့မဟုတ်) ဇွန်းမီးကြက်တောင်ဟုခေါ်သည်။ ထန်းရွက်ပုံပေါ်သည့်အချိန်တွင် လက်မ္ဘော်အရွယ်ရောက်စ အပင်ကို ဆင်ခြေ၊ ပင်စည်တွင် ထန်းလက်ပက်စ၊ အပင်အလှပေါ်အရွယ်ကို သမီးလှ၊ ထန်းသီးထန်းနို့ ထွက်စအချိန်ကို ရည်ရဟုခေါ်ဆိုကြသည်။ ထန်းပင်သက်တမ်း ၁၅ နှစ်ကျော်ပါက ထန်းဖိုထန်းမအပင်များမှ ထန်းရည်ထုတ်လုပ်ရရှိသည်။

ထန်းပင်မှ ထန်းရည်ထုတ်လုပ်ရန်အတွက် တော်သလင်းလတွင် ရင်းဆွဲ၊ ရင်းထောင်၊ မြူအိုး(မြေအိုး)၊ ကလိုင်၊ ထန်းလှီးဓား၊ သံတူညှပ်၊ ထင်းအစရှိသည့် ပစ္စည်းများပြင်ဆင်ထားရှိကြရသည်။ ပြာသိုလတွင် တောင်မှမြောက်သို့ လေတိုက်ပါက ထန်းလုပ်ငန်းစကြရသည်။ ထန်းတောင်သူတို့၏ ဓလေ့ထုံးစံအရ ပြာသိုလပြည့်ကျော် စနေနေ့တွင် စတင်လုပ်ငန်းဝင်ကြရသည်။ ထန်းအဖိုပင်မှ ထန်းဖိုဦးထန်းလျက်နှင့် ထန်းလျက်တို့ထွက်ရှိသည်။ ထန်းမပင်သီးနုထွက်ချိန်တွင် ယောင်ထန်းလျက်ရှိ၍ အသီးရင့်လာကာ ထန်းမထန်းလျက်ကိုရရှိသည်။

ထန်းပင်မှရရှိသော ထန်းရည်ကို ဒယ်အိုးတွင်ထည့်၍ မီးနှင့်ကျိုယူရသည်။ ထန်းရည်မဖြစ်ခင် သကာရည်ရ၍ ထန်းရည်ဖြစ်သွားပါက ထန်းလျက်ခဲရရန် လက်နှင့်လုံးယူရသည်။ ထန်းပင်မှထွက်သည့် ထန်းရည်ကို စစ်ပြီးသောက်သုံးပါက အရသာချိုသည်။ ထန်းရည်ချိုကပင် ထန်းရည်ခါးတည်၍ သောက်သုံးကြရသည်။ ထန်းလျက်ကို အချောအကြမ်းနှစ်မျိုးထုတ်၍ ရောင်းဝယ်သုံးစွဲကြသည်။ ထန်းလျက်အခဲမှ အရက်၊ တင်းလဲရည်၊ သကြားအဖြစ်လည်း ထုတ်လုပ်ကြသည်။ ထန်းလျက်ခဲကိုပင် မုန့်အမျိုးမျိုး၊ ယိုအမျိုးမျိုးအတွက် အသုံးပြုကြသည်။ ထန်းပင်မြစ်ကို ဖုတ်၍လည်းကောင်း၊ ပြုတ်၍လည်းကောင်း စားသုံးကြသည်။ ယခုအချိန်တွင် ထန်းလျက်စေ့မကောင်းသဖြင့် ထန်းတောင်သူတို့ ထန်းကို အနည်းအကျဉ်းသာ လုပ်ကိုင်လာကြသည်။ ထန်းတက်သမားတို့ အလုပ်ပြောင်းလဲလုပ်ကိုင်သဖြင့် ထန်းတက်သမားလည်း ရှားပါးလာခဲ့သည်။ ထို့အတူ ကျွန်းနှင့်သစ်မာစေ့အဆမတန် စေ့းတက်သွားသဖြင့် အိမ်ဆောက်ရာတွင် ထန်းပင်ကိုခွဲ၍ဆောက်လုပ်ကြရသည်။ ထန်းသားစေ့းလည်း ကောင်းလာသဖြင့် အညာဒေသများ၌ ထန်းပင်အမြောက်အမြား ခုတ်လှဲလာကြသည်။ ထို့ကြောင့် တစ်ချိန်က အညာဒေသများ၌ လက်ညှိုးထိုးမလွဲသော ထန်းပင်အမြောက်အမြား တစ်စတစ်စပျောက်ကွယ်နေပြီဖြစ်သည်။ နောက် ၁၀ နှစ်ခန့်တွင် ထန်းတောများကုန်ခန်းပြီး ပျောက်ကွယ်သွားမည့် အလားအလာရှိနေပြီဖြစ်သည်။ ထန်းတက်တောင်သူများအနေဖြင့်လည်း မိမိတို့၏ထန်းပင်များကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပေသည်။

ထန်းပင်တစ်ပင်လုံးသည် လူတို့အတွက် များစွာအကျိုးပြုသည်။ ထန်းရွက်ကို ပေစာ၊ ဇာတာဖွဲ့၊ အိမ်အမိုးအတွက် အသုံးပြုသည်။ ထန်းလျက်မှ ထန်းလျှော်စိတ်ဖြာ၍ တောင်း၊ ဗျာ၊ လက်ဆွဲခြင်း၊ ကုလားထိုင်၊ စားပွဲအဖြစ် ထုတ်လုပ်ရောင်းချသည်။ ထန်းပင်စည်ကို အိမ်တိုင်၊ ထုတ်၊ လျှောက်၊ နွားစာကျင်း၊ ရေသွယ်ပြွန်များအဖြစ် အသုံးချရသည်။ ပိုလျှံသော ထန်းသားအတွင်းသားကို ထန်းလျက်ချက်ရန်အတွက် ထင်းအဖြစ် အသုံးပြုနိုင်သေးသည်။

ထန်းပင်တွင် ဂုဏ်နှင့်စွမ်းရည်အပြည့်ရှိ၏။ ထန်းပင်၏ ပဉ္စင်းပါးအရသာသည် ချိုး၏ သတ္တိအေး၏ ဝိပါကဒ်ချို၏။ အပင်သည် မူးယစ်စေ၏။ ကြေကျခဲ၏။ ဝမ်းဖြူးစေ၏။ သုက်ကိုပွားစေ၏။ အဆီကိုဖြစ်စေ၏။ အားကိုဖြစ်စေ၏။ ထန်းသီးမှည့်သည်ကြေခဲ၏။ ဆီးသုက်ကိုပွားစေ၏။ ဝိုက်မြည်းစေ၏။ ထန်းသီးစိမ်းသည် ဆီးသလိပ်ကိုဖြစ်စေ၏။ နုလျှင် ကြေလွယ်၏။ အနည်းငယ်မူးယစ်စေ၏။ ဆီးဝမ်းကိုရွှင်စေ၏။ ထန်းဦးနှောက်သည် ဓာတ်ခုနစ်ပါးကို ပွားစေ၏။ လွန်စွာအရသာရှိသည်။ ခေါင်းနှင့်ပန်းပေါင်းရည်ဟု အသိအမှတ်ပြုပြီး ထန်းဦးနှောက်(အူနု)ကို ပျားရည်နှင့်ရောပြီး အသက်ရှည်ဆေး(ရသာယန) အားတိုးဆေး(ဝါဇီကရဏ)အတွက် အသုံးပြုကြ၏။

ထန်းပင် တစ်ပင်လုံးသည် လူတို့အတွက် များစွာအကျိုးပြု၊ ထန်းရွက်ကို ပေစာ၊ ဇာတာဖွဲ့၊ အိမ်အမိုးအတွက် အသုံးပြု၍ ထန်းလျက်မှ ထန်းလျှော်စိတ်ဖြာ၍ တောင်း၊ ဗျာ၊ လက်ဆွဲခြင်း၊ ကုလားထိုင်၊ စားပွဲအဖြစ် ထုတ်လုပ်ရောင်းချကြ။

အသီးခိုင်ကို ပြာချသောက်က နှလုံးပူခြင်း ပျောက်ကင်း၏။ အသီးအမှည့်အနှစ်ကို ကိုယ်ကိုလိမ်းကျံခဲ့သော် အရေပြားရောဂါ ပျောက်ကင်း၏။ အပွင့်ခိုင် ပြာချသောက်ကသည်းခြေရောဂါ ပျောက်ကင်း၏။ လတ်ဆတ်သောထန်းရည်ကို သကြားနှင့်သောက်သော် ဆီးအောင့်ရောဂါပျောက်ကင်း၍ အပွင့်ခိုင်မှထွက်သော ထန်းရည်သောက်က ဆီးများပြီး ရေဖျဉ်းရောဂါပျောက်ကင်းသည်။ ထန်းရည်ခါးသည် သည်းခြေကို ပျက်စီးစေ၏။ ဝမ်းမီးကို တောက်စေသည်။ နှူတ်ကိုမြိန်စေတတ်၏။ ခံတွင်းကို ရှင်းစေ၏။ ကိုယ်လုံးအနှံ့အပြား၌ သွေးကျပြီး မူးစေတတ်၏။ ရောနှောရ၍ မစားအပ်သော အစားအစာများမှာ ထန်းရည်နှင့်ဝက်သား၊ ထန်းရည်နှင့်ငှက်ပျောသီး၊ ထန်းလျက်နှင့်သပြေသီးတို့ ဖြစ်ကြသည်။ ထန်းရည်ပိုမိုထွက်ရှိရန် ထန်းခိုင်အညာတွင် လိပ်ကျောက်ဆူးနှင့်တို့ကပို၍ထွက်သည်ဟု ဆိုသည်။

ထန်းပင်နှင့်ပတ်သက်ပြီး စကားပုံများစွာရှိခဲ့သည်။ **''အုန်းတစ်ပင်၊ ထန်းတစ်တော၊ ထန်းသီးကကြေ၊ မိုးကဆွေ၊ ထန်းသီးကြွေခိုက် ကျိုးနင်းခိုက်၊ ကောင်းစားတော့ ထန်းပင်မြစ်ခံရတော့ ထန်းသီးမှတ်တို့''** ဖြစ်ကြသည်။ ထို့ကြောင့် လူသားတို့၏အကျိုးကို ဆောင်ရွက်ပေးနေသော ထန်းပဒေသာပင်ဖြစ်ခြေသည်။

ကျော်ကျော်(မလှိုင်)

ဘိန်းအစားထိုး ပုလဲသွယ်မျိုးစေ့စပါးပေးအပ်ပွဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာအုပ်စု မန့်ဟောင်းကျေးရွာဇရပ်တွင် ဘိန်းအစားထိုးပုလဲသွယ်ပေးအပ်ပွဲနှင့် နည်းပညာဆွေးနွေးပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန်က သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်နှင့် ပိုးသတ်ဆေးအသုံးပြုရာတွင် ဆောင်ရန်/ရှောင်ရန် အသိပညာပေးဆွေးနွေးခြင်းနှင့် တောင်သူများကို ပုလဲသွယ်မျိုးစေ့စပါး ဧက ၅၀ စာ အခမဲ့ဖြန့်ပေးခဲ့ပြီး ဌာနဆိုင်ရာများနှင့်တောင်သူများ တက်ရောက်ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမင်းမင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ၊ ကျေးလက်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

မိုင်းစိုး(iprd)

အသိပညာပေးဟောပြောပွဲ ကျောက်ထုတွင်ကျင်းပ

သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားရေးအသိပညာပေးဟောပြောပွဲကို ဇွန်လ ပထမပတ်က ဂန္ဓဂေါခရိုင် ကျောက်ထုမြို့ ဒေသကြီးကျေးရွာစာသင်ကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ကြည်က ယခုနှစ်ပိုင်းတွင် မိုးနှောင်းမိုးများ စောစီးစွာမိုးပြတ်တတ်သဖြင့် တောင်သူများ မိုးစပါးအမြန်စိုက်ပျိုးနိုင်ရေး၊ ထွန်ယက်ခြင်း၊ ရေသွင်း၊ ရေထုတ်ပြုခြင်း စိုက်စနစ်မှန်ကန်စေရေးနှင့် တစ်ကေစိုက်ကွက်မီရေးတို့ကိုလည်းကောင်း၊ ပြန်/ဆက်ဦးစီးဌာနမှူး ဦးအေးလင်းက လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

(၁၀၁)

ကျောင်းဆောက်ရန် မြေသန့်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းကျေးရွာအုပ်စု ဥသျှစ်လှိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ထပ်မံတိုးချဲ့ဆောက်လုပ်ရန် မြေနေရာရွှေးချယ်ခြင်းနှင့် မြေသန့်မင်္ဂလာပြုလုပ်ခြင်း အခမ်းအနားကို ဇွန်လပထမပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအနက်မှ ပြည်ထောင်စု ဘတ်ဂျက်ငွေဖြင့် သိန်းပေါင်း ၁၅၁ ဒသမ ၂၀၀ တန်ဖိုးရှိသော အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိ အာရ်စီစီနှစ်ထပ် ကျောင်းဆောင်သစ်ကိုဆောက်လုပ်ရန် လျာထားသတ်မှတ်လိုက်ပြီဖြစ်သည်။ **ကိုပေါက်(ဥက္ကာမြေ)**

အာလူပ်အာခတ်တွေနဲ့ စောင့်ကြည့်ရမယ့် လီဗာပူးရဲ့ နွေရာသီခရီးကြမ်း

အောင်က

ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတဲ့ ပရီမီယာလီဂ်ရာသီကလည်း ပြီးဆုံးခဲ့ပြီ။ ၂၀၁၃-၁၄ရာသီက စိတ်လှုပ်ရှားပြီး ကျေနပ်မှုတွေ အပြည့်အဝရရှိခဲ့ရတဲ့ လီဗာပူးအသင်းက ပြီးခဲ့တဲ့ရာသီကတော့ လူတိုင်းအတွက် စိတ်ပျက်စရာတွေအပြည့်နဲ့ ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ နွေရာသီက ကစားသမား ဖြည့်တင်းမှုနဲ့ပတ်သက်ပြီး မန်နေဂျာရော်ဂျာကို ကွယ်ရာတစ်မျိုး ရှေ့တင်တစ်သွယ် ဝေဖန်မှုတွေလည်း ရှိလာခဲ့ပါတယ်။ ဒီထက်ဆိုးတာက အသင်းရဲ့ ပိုင်ရှင်ကိုယ်တိုင်ကတောင် ရော်ဂျာအနေနဲ့ ကစားသမားသစ် ခေါ်ယူမှုတွေ ပြုလုပ်မယ်ဆိုရင် အသင်းရဲ့ ဘုတ်အဖွဲ့နဲ့ ညှိနှိုင်းမှုတွေ လုပ်ရမယ်ဆိုပြီး ရာဇသံတွေ ပေးထားတာကိုလည်း ကြားသိနေရပါတယ်။

ဒါကြောင့် လီဗာပူးအသင်းအနေနဲ့ လာမယ့်ရာသီမှာတော့ အနိမ့်ဆုံး ချန်ပီယံလိဂ်ဝင်ခွင့်အပါအဝင် ရလဒ်ကောင်းတွေ ပြန်ရဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ဒီနှစ်နွေရာသီမှာ စတင်ပြုလုပ်ရမှာလည်း ဖြစ်ပါတယ်။ လီဗာပူးဟာ ပြီးခဲ့တဲ့ရာသီက သင်ခန်းစာတွေကိုယူပြီး ဒီနှစ်ရာသီမှာတော့ အရင်ရာသီကလို အမှားမျိုးတွေထပ်မံ မဖြစ်ရအောင်လည်း ကြိုးစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိအချိန်မှာတော့ လီဗာပူးအသင်းဟာ ကစားသမားသစ်ခေါ်ယူရေးနဲ့ပတ်သက်ပြီး လျှာထားတာတွေကလည်းအများကြီးရှိနေပါတယ်။ လီဗာပူးအသင်းအနေနဲ့ အားသစ်လောင်းခေါ်ယူမှုတွေကတော့ အသင်းရဲ့နေရာ ပေါင်းစုံကို အားဖြည့်ရမှာလည်း ဖြစ်ပါတယ်။

တိုက်စစ်

လီဗာပူးအသင်းရဲ့ ပြီးခဲ့တဲ့ရာသီက ဆိုးရွားတဲ့ ရလဒ်တွေရယူခဲ့ရတာဟာ အသင်းကနေထွက်ခွာသွားခဲ့တဲ့ တိုက်စစ်မှူး ဆွာရက်ဇ်ရဲ့နေရာကို အကောင်းဆုံးအစားထိုးနိုင်ခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်နွေရာသီမှာတော့ အလားတူ အမှားမျိုး မကျူးလွန်မိဖို့ အရေးကြီးတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဒဲ့အပြင် အသင်းရဲ့ တိုက်စစ်မှူးစတာရစ်ရဲ့ ကြံ့ခိုင်မှုကလည်း မသေချာသေးတာကြောင့် လီဗာပူးအသင်းဟာ တိုက်စစ်မှူးအင်အားကို မဖြစ်မနေ ဖြည့်တင်းရမှာလည်းဖြစ်ပါတယ်။ ဒါပေမယ့် လီဗာပူးအသင်းအနေနဲ့ ကံကောင်းတာက ပရီမီယာလီဂ်မှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးကောင်းတွေကို အလွယ်တကူ ခေါ်ယူနိုင်ဖို့ အခြေအနေတွေရှိနေလို့ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဘန်လေ အသင်းတိုက်စစ်မှူး ဒင်နီအင့်စ်ကို ခေါ်ယူဖို့အတွက် သဘောတူညီမှုရရှိထားပြီ ဖြစ်ပါတယ်။ ဘန်လေအသင်းအနေနဲ့ တန်းဆင်းသွားရပေမယ့် သူ့ရဲ့ခြေစွမ်းတွေကြောင့် ဆိုစီဒက်စ်၊ စပါးအသင်းအပါအဝင် ဥရောပအသင်းတွေရဲ့ စိတ်ဝင်စားခြင်း ခံနေရတဲ့ သူလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးအသင်းအနေနဲ့ခေါ်ယူဖို့အတွက် စိတ်ဝင်စားနေပြီး သတင်းတွေထွက်နေတဲ့ တိုက်စစ်မှူးတွေလည်း ရှိပါတယ်။ သူတို့ကတော့ ဗီလာတိုက်စစ်မှူး ဘန်တီကီနဲ့ ဂျူဗင်တပ်တိုက်စစ်မှူးတီဗက်ဇ်တို့ပဲဖြစ်ပါတယ်။

ကွင်းလယ်

ဒီနှစ်ရာသီကုန်မှာ လီဗာပူးအသင်းရဲ့ ပြယုဂ်တစ်ခုလို့ဆိုနိုင်တဲ့ ဂျရတ်ထွက်ခွာသွားခြင်းဟာ လီဗာပူးအသင်းရဲ့ ကွင်းလယ်အတွက်တော့ လှစ်ဟာမှုဖြစ်သွားတာကတော့ အမှန်ပါပဲ။ ဒါပေမယ့် သူ့ရဲ့နေရာမှာတော့ ဟန်ဒါဆန်ဟာ အကောင်းဆုံး အစားထိုးဝင်ရောက်နိုင်ဖို့ ရှိပါတယ်။ ဒါပေမယ့် လီဗာပူးအသင်းရဲ့ ကွင်းလယ်ပိုင်းကိုတော့ အားဖြည့်မှုတွေ လုပ်ဆောင်ဖို့ကတော့ လိုအပ်နေသေးတာကတော့အမှန်ပဲ ဖြစ်ပါတယ်။ ဒဲ့အပြင် လီဗာပူးအသင်းရဲ့ ကွင်းလယ်တိုက်စစ်ပိုင်းမှာ အကောင်းဆုံး ခြေစွမ်းပြနေတဲ့ စတာလင်းရဲ့ အနာဂတ်ကလည်း လှုပ်ခတ်မှုတွေရှိနေတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း စတားလင်းသာ လီပူးအသင်းကနေ ထွက်ခွာသွားခဲ့မယ်ဆိုရင် လီဗာပူးအသင်းရဲ့ ကွင်းလယ်ဟာ အဓိက အားဖြည့်ခေါ်ယူရမယ့် အနေအထားမှာ ရှိသွားမှာလည်း ဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ လက်ရှိအချိန်မှာတော့ ကွင်းလယ်ပိုင်းကို အားဖြည့်ဖို့အတွက် မန်စီးတီး ကွင်းလယ်ကစားသမား ဂျိန်းမီလ်နာကို ခေါ်ယူဖို့ပစ်မှတ်ထားနေပါတယ်။ မီနာဟာ ပြီးခဲ့တဲ့ရာသီက မန်စီးတီးမှာ ၁၈ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ပေမယ့် ဂိုးရအောင်ပံ့ပိုးနိုင်မှုမှာ ခုနစ်ကြိမ်ရှိခဲ့ပြီး ငါးဂိုးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ ဒဲ့အပြင်လီဗာပူးအသင်းအနေနဲ့ ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ ကွင်းလယ်ကစားသမားတွေကတော့ ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ဝီယာလိုနဲ့ အင်တာမီလန်အသင်း လူငယ်ကစားသမား ကိုဗာစီတို့ပဲ ဖြစ်ပါတယ်။

ခံစစ်

ပြီးခဲ့တဲ့ရာသီရဲ့ ရလဒ်တွေကို ကြည့်မယ်ဆိုရင်တော့ လီဗာပူးအသင်းအတွက် မရှိမဖြစ်အင်အားဖြည့်တင်းရမှာကတော့ ခံစစ်ပိုင်းပဲဖြစ်ပါတယ်။ အသင်းရဲ့ ဗဟိုခံစစ်ပိုင်းမှာ စကာတယ်နဲ့ ဆာခိုတို့ ရှိနေတာကြောင့် အဲဒီနေရာအတွက် ကစားသမားသစ်ခေါ်ယူဖို့ မလိုအပ်ပေမယ့် ဂလင်းဂျွန်ဆင် ကစားတဲ့ ညာနောက်ခံနေရာအတွက်တော့ ကစားသမားသစ်ခေါ်ယူရမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးအသင်းအနေနဲ့ မျက်စိကျနေတဲ့ ခံစစ်မှူးကတော့ ဆောက်သမ်တန်လူငယ် ကစားသမား နာသန်ကလိုင်းပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရာသီတွေက နာသန်ကလိုင်းရဲ့ ဆောက်သမ်တန်အသင်းမှာ စွမ်းဆောင်ထားမှုတွေကို ကြည့်မယ်ဆိုရင်တော့ အားရစရာ ကောင်းလှတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးအသင်းအနေနဲ့ ကလိုင်းကိုသာ ခေါ်ယူနိုင်ခဲ့မယ်ဆိုရင်တော့ အသင်းရဲ့ အောင်မြင်မှု လမ်းကြောင်းပေါ်ကို လျှောက်လှမ်းတဲ့ နေရာမှာတော့ အထောက်အကူဖြစ်မှာ အသေချာပဲဖြစ်ပါတယ်။

ဂိုးသမား

လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်က ဂိုးသမားမစ်နိုလက် ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် မစ်နိုလက်ဟာ အသင်းရဲ့ အဓိကအရေးကြီးတဲ့ပွဲတွေမှာ အမှားတွေ လုပ်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ရာသီမှာ မစ်နိုလက်ဟာ ဂိုးမပေးရရေးအတွက် ၁၃ ကြိမ် တိုင်ကူညီပေးနိုင်ခဲ့တာကိုတော့ တွေ့ရပါတယ်။ ဒါပေမယ့် လီဗာပူးအသင်းဟာ ပိုမိုကောင်းမွန်တဲ့ ဂိုးသမား တစ်ဦး လိုအပ်တာကတော့အမှန်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း လီဗာပူးအသင်းဟာ ကစားသမားသစ်တွေ ခေါ်ယူဖို့ ဘဏ္ဍာငွေအင်အားတောင့်တင်းမှုရှိဖို့အတွက် ကစားသမားအနည်းငယ်ကို ရောင်းထုတ်သွားရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဘယ်ကစားသမားတွေကို ရောင်းထုတ်မလဲလို့ ဆိုရင်လည်း ခေါင်းနောက်လောက်အောင် စဉ်းစားစရာမလိုပါဘူး။ ဘာဖြစ်လို့ လဲဆိုရင် ပြီးခဲ့တဲ့ ရာသီက အသင်းမှာကစားခဲ့တဲ့ ကစားသမားတွေကို ကြည့်ရုံနဲ့ ဘယ်ကစားသမားဟာအသင်းကနေ ဖယ်ရှားသင့်တယ်ဆိုတာက အသိသာကြီး ဖြစ်နေလို့ပါ။ ဥပမာအားဖြင့် ဘာလော့တယ်လီ၊ ကွင်းလယ်ပိုင်းမှာ အီမာရီကန်တို့ပဲဖြစ်ပါတယ်။ ဒါမှလည်းအသင်းရဲ့ ဘဏ္ဍာငွေဟာ ပိုမိုတောင့်တင်းမှုရှိလာမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း လီဗာပူးအသင်းအနေနဲ့ လာမယ့်ရာသီမှာ အောင်မြင်မှုတွေရရှိဖို့အတွက် ဒီနှစ်နွေရာသီမှာ အသင်းရဲ့ နေရာပေါင်းစုံအတွက် အင်အားဖြည့်တင်းပေးဖို့ဟာ မဖြစ်မနေ လိုအပ်နေပါတယ်။ ဒါကြောင့်လည်း နွေရာသီနဲ့အတူ လီဗာပူးအသင်း လှုပ်ခတ်လာမယ့် နွေရာသီခရီးကြမ်းကိုတော့ ဆက်လက်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

ဖီဖာ၏ အကျင့်ပျက်ခြစားမှုများကြောင့် ၂၀၁၂ ခုနှစ် ဖီဖာကမ္ဘာ့ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို မိမိမရခဲ့ခြင်းဖြစ်ကြောင်း မော်ရင်ညို စွပ်စွဲ

ချယ်လ်ဆီးအသင်း မန်နေဂျာ ဟိုဆေးမော်ရင်ညိုက ၂၀၁၂ ခုနှစ်အတွက် ဖီဖာကမ္ဘာ့တစ်နှစ်တာအကောင်းဆုံး နည်းပြဆုအား မိမိမရရှိခဲ့ခြင်းမှာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ အကျင့်ပျက်ခြစားမှုများကြောင့်ဖြစ်ကြောင်း ဝေဖန်ပြောဆိုလိုက်သည်။

၂၀၁၀ပြည့်နှစ်မှ ၂၀၁၃ခုနှစ်အထိ ရီးရဲမက်ဒရစ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူ မော်ရင်ညိုသည် ၂၀၁၂ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးနည်းပြဆုအတွက် နောက်ဆုံးဆန်ခါတင်သုံးဦးစာရင်းတွင် ပါဝင်ခဲ့သော်လည်း နိုင်ငံလက်ရွေးစင်အသင်း နည်းပြများနှင့် ကပ္ပတိန်များ၏ မဲပေးရွေးချယ်မှုရလဒ်အရ ဒုတိယဆုသာ ရရှိခဲ့သူဖြစ်သည်။ ၂၀၁၂ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို စပိန်လက်ရွေးစင်အသင်းနည်းပြ ဗင်ဆင့်ဒဲလ်ဘော့စကေးက ရရှိခဲ့သည်။

"၂၀၁၂ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးနည်းပြဆုအတွက် ကျွန်တော်ဟာ ပထမနေရာ ရရှိခဲ့တဲ့ နည်းပြဒဲလ်ဘော့စကေးထက် မဲရာခိုင်နှုန်း အနည်းငယ်လျော့ပြီး ဒုတိယနေရာသာ ရရှိခဲ့တယ်လို့ ပထမသိရှိခဲ့ရပါတယ်။ ဒါက သာမန်ဖြစ်ရပ်လို့လည်း ကျွန်တော်ထင်ခဲ့တယ်။ ဒါပေမယ့် မဲပေးမှုတွေကို လူသိရှင်ကြား ထုတ်ပြန်ပြီးချိန်မှာတော့ ကျွန်တော့်အထင်မှားယွင်းခဲ့တယ်။ ဒီထုတ်ပြန်မှုအပြီးမှာ နိုင်ငံလက်ရွေးစင်အသင်းကပ္ပတိန်တစ်ဦးဖြစ်ပြီး ကျွန်တော့်ရဲ့ ကစားသမားဟောင်းတစ်ဦးက သူဟာ ဒီဆုအတွက် ကျွန်တော့်ကို မဲပေးခဲ့ပေမယ့် ပြောင်းလဲမှုတွေဖြစ်ပြီး သူ့ရဲ့ မဲပေးမှုဟာ အခြားနည်းပြတစ်ဦးဆီ ရောက်ရှိနေတယ်လို့ ကျွန်တော့်ကို ဆက်သွယ်ပြောဆိုခဲ့တယ်။ နောက်မိနစ်အနည်းငယ်အကြာမှာပဲ နိုင်ငံအသင်း နည်းပြတစ်ဦးဖြစ်တဲ့ ကျွန်တော့်ရဲ့ ပေါ်တူဂီလူမျိုးမိတ်ဆွေတစ်ဦးကလည်း သူဟာ ကျွန်တော့်ကို မဲပေးခဲ့ပေမယ့် သူ့ရဲ့ မဲဟာ အခြားတစ်ဦးဆီ ရောက်ရှိနေတာကို မယုံကြည်နိုင်အောင်ဖြစ်ခဲ့ရတယ်လို့ ပြောခဲ့ပါတယ်။ နောက်ပြီး အခြားနိုင်ငံအသင်း နည်းပြတစ်ဦးကလည်း သူ့ရဲ့ မဲပေးမှု ပြောင်းလဲခံလိုက်ရတယ်လို့ ပြောခဲ့ပါတယ်။ ဒီမဲတွေကို ဘယ်သူပြောင်းလဲလိုက်တာလဲ။ ဘောလုံးအဖွဲ့ချုပ်တွေ ကလား၊ ဖီဖာကလား။ ဘယ်သူပြောင်းလဲလိုက်တာပါလဲ။ ဒါပေမယ့် ဒီဖြစ်ရပ်တွေကတော့ ဖြစ်ပျက်ခဲ့ပြီးပါပြီ"ဟု မန်နေဂျာမော်ရင်ညိုက ပြောသွားသည်။ မော်ရင်ညိုသည် ဖီဖာကမ္ဘာ့တစ် နှစ်တာအကောင်းဆုံးနည်းပြဆုအား အင်တာမီလန်အသင်းကို တာဝန်ယူစဉ်က ရရှိခဲ့ဖူးသူဖြစ်သည်။

၂၀၁၂ ခုနှစ် ကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုအတွက် မဲရလဒ်

အမည်	အသင်း	မဲရရှိမှုရာခိုင်နှုန်း
ဒဲလ်ဘော့စကေး	စပိန်	၃၄ . ၅၁
မော်ရင်ညို	ရီးရဲ	၂၀ . ၄၉
ဝွာဒီယိုလာ	ဘာစီလိုနာ	၁၂ . ၉၁

မြန်မာ့အလင်း
၁၂-၆-၂၀၁၅ (သောကြာနေ့)

ချီလီနိုင်ငံမှာ လူပ်ရှားအသက်ဝင်လာပြီဖြစ်တဲ့ ၂၀၁၅ ကိုပါအမေရိကဖလား

■ ဝေမိုးဆက်

ချီလီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲကို ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှာ စတင်ကျင်းပပြုလုပ်နေပြီဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အိမ်ရှင်ချီလီအပါအဝင် ဘရာဇီး၊ အာဂျင်တီးနား၊ ဥရုဂွေး၊ ပါရာဂွေး၊ ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ ဘိုလီဗီးယား၊ ပီရူး၊ အီကွေဒေါတို့လို တောင်အမေရိကဒေသအတွင်းက အသင်းတွေအပြင် စည်ပင်သည်အသင်းတွေအဖြစ် မက္ကဆီကိုနဲ့ ဂျမေကာတို့က ပါဝင်ယှဉ်ပြိုင်ကစားသွားကြမှာ ဖြစ်ပါတယ်။

အဆိုပါ ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၂ အသင်းကို လေးသင်းသုံးအုပ်စုခွဲခြားထားပြီး အုပ်စုတစ်ခုချင်းစီမှာ အုပ်စုပထမနဲ့ ဒုတိယရတဲ့ နှစ်သင်းဆီကို ကွာတားဖိုင်နယ်အဆင့် တိုက်ရိုက်တက်ခွင့်ပြုမှာဖြစ်ပြီး အုပ်စုတတိယရတဲ့ သုံးသင်းအနက်ကတော့ အကောင်းဆုံး နှစ်သင်းကို ရွေးထုတ်ကာ ကွာတားအဆင့် တက်ရောက်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒီပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ အုပ်စုတွင်းမှာ အမှတ်တူနေလျှင် ဂိုးကွာခြားချက်နဲ့ ဆုံးဖြတ်တဲ့စနစ်ကို ကျင့်သုံးသွားမှာဖြစ်သလို ကွာတားဖိုင်နယ်ကစလို့ ဒီပြိုင်ပွဲရဲ့ ရှုံးထွက်အဆင့်ပွဲစဉ်တွေမှာလည်း မိနစ် ၉၀ နဲ့ အနိုင်အရှုံး အဖြေမပေါ်ခဲ့ရင် အချိန်ပိုဆက်ကစားခွင့်ပြုမှာ မဟုတ်ဘဲ ပယ်နယ်တီအဆုံးအဖြတ်ကို တိုက်ရိုက်ကန်သွင်းယူသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီပြိုင်ပွဲရဲ့ ဝိုလ်လုပွဲမှာတော့ မိနစ် ၉၀ အတွင်း အနိုင်အရှုံးအဖြေမပေါ်ခဲ့ရင် အချိန်ပို မိနစ် ၃၀ ကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး အဆိုပါ အချိန်ပိုမှာ အနိုင်အရှုံး အဖြေမပေါ်မှသာ ပယ်နယ်တီအဆုံးအဖြတ်ခံယူမယ့် စည်းမျဉ်းကို ကျင့်သုံးသွားမှာဖြစ်ပါတယ်။

တကယ်တော့ ဒီပြိုင်ပွဲကို စတင်ကျင်းပခဲ့တာဟာ ၁၉၁၆ ခုနှစ်ကဖြစ်ပြီး သက်တမ်းအရ ဒီပြိုင်ပွဲဟာ နှစ်ပေါင်း ၉၉နှစ်တိတိရှိနေခဲ့ပြီဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို စတင်ကျင်းပခဲ့တုန်းက အာဂျင်တီးနားနိုင်ငံမှာ ကျင်းပခဲ့တာဖြစ်ပြီး အဲဒီပြိုင်ပွဲမှာတော့ ဥရုဂွေးဟာ အိမ်ရှင်အာဂျင်တီးနားကို အနိုင်ရဖိုလ်စွဲဖူးပါတယ်။ ဒါကြောင့် ဥရုဂွေးဟာ ဒီပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ ပထမဆုံး ချန်ပီယံအသင်းအဖြစ် မှတ်တမ်းဝင်နေသလို အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ အထူးသဖြင့် ဥရုဂွေးဟာ နောက်ဆုံးကျင်းပခဲ့တဲ့ ၂၀၁၁ ပြိုင်ပွဲမှာ ပီရူးကို အနိုင်ရပြီး ဝိုလ်စွဲနိုင်ခဲ့တာကြောင့် ဒီပြိုင်ပွဲရဲ့ ချန်ပီယံဆုဖလားကို ၁၅ ကြိမ်မြောက် သိမ်းပိုက်နိုင်ခဲ့ကာ ဒီပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်သွားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အထူးသဖြင့် အဲဒီ ၂၀၁၁ ခုနှစ် ကိုပါအမေရိကဖလား ပြိုင်ပွဲကို အာဂျင်တီးနားနိုင်ငံမှာသာ ကျင်းပခဲ့တာဖြစ်ပြီး ပထမဆုံးအကြိမ်ကနဲ့ တူညီနေသလို ဝိုလ်စွဲခဲ့တဲ့အသင်းကလည်း ဥရုဂွေးတစ်သင်းတည်းသာဖြစ်နေခဲ့တဲ့ အချက်ကတော့ ထူးခြားမှုလို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် ပထမဦးဆုံးအကြိမ် အာဂျင်တီးနားမြေပေါ်စတင်ကျင်းပခဲ့တုန်းကတော့ ဒီပြိုင်ပွဲရဲ့အမည်ကို တောင်အမေရိက ချန်ပီယံရှစ်ပြိုင်ပွဲအဖြစ်ခေါ်တွင်စေခဲ့တာဖြစ်ပြီး အဆိုပါအမည်နဲ့ ၁၉၆၇ ခုနှစ် ပြိုင်ပွဲအထိ ကျင်းပခဲ့ကာ အဲဒီနောက်မှာတော့ ပြိုင်ပွဲကို ရှစ်နှစ်ကြာ ရပ်နားခဲ့ပြီး ပြန်လည်ကျင်းပတဲ့ ၁၉၇၅ ခုနှစ်ပြိုင်ပွဲမှာတော့ လက်ရှိအမည်ဖြစ်တဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲဆိုတဲ့နာမည်နဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီတုန်းကတော့ အိမ်ရှင်နိုင်ငံရယ်လို့ သတ်သတ်မှတ်မှတ်ထားရှိခြင်းမရှိခဲ့ဘဲ တောင်အမေရိကဒေသတွင်းမှာ လှည့်လည်ယှဉ်ပြိုင်ကစားစေခဲ့ကာ နာမည်သစ်နဲ့ကျင်းပတဲ့စတုတ္ထမြောက် ပြိုင်ပွဲရောက်မှသာ အိမ်ရှင်နိုင်ငံကို သတ်မှတ်ပြီး ပြိုင်ပွဲကျင်းပခဲ့တာဖြစ်တဲ့အပြင် အဲဒီလိုနာမည်သစ်နဲ့ ကျင်းပတဲ့ ပြိုင်ပွဲကိုလည်း ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့် ရခဲ့တာကလည်း အာဂျင်တီးနားနိုင်ငံသာဖြစ်နေခဲ့သလို အဲဒီ ၁၉၈၇ ခုနှစ် ပြိုင်ပွဲမှာ ဝိုလ်စွဲခဲ့တာကလည်း ပထမဆုံးအကြိမ်အဖြစ် အာဂျင်တီးနားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ပြိုင်ပွဲမှာ ဝိုလ်စွဲခဲ့တဲ့ ဥရုဂွေးဖြစ်နေတာကလည်း ဒီပြိုင်ပွဲရဲ့ ထူးခြားမှုလို့ ဆိုနိုင်ပါတယ်။

အထူးသဖြင့် ဥရုဂွေးဟာ အာဂျင်တီးနားမြေပေါ်မှာ ကျင်းပခဲ့တဲ့ ဒီကိုပါအမေရိကဖလားပြိုင်ပွဲတွေမှာ သုံးကြိမ် ဝိုလ်စွဲနိုင်ခဲ့တဲ့အစဉ်အလာကို ရေးထိုးထားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ဒဲ့အပြင် ဥရုဂွေးဟာ ဒီပြိုင်ပွဲမှာ ချန်ပီယံဆုဖလားကို အောင်အောင်မြင်မြင်ကာကွယ်နိုင်ခဲ့ဖူးတဲ့ အစဉ်အလာတွေလည်း ရှိခဲ့ပြီး ၁၉၁၆ နဲ့ ၁၉၁၇။ ၁၉၂၃ နဲ့ ၁၉၂၄။ ၁၉၈၃နဲ့ ၁၉၈၇တို့မှာ ဥရုဂွေးဟာ နှစ်ကြိမ်ဆက် ဝိုလ်စွဲနိုင်ခဲ့တာဖြစ်သလို ဒီကိုပါအမေရိကဖလား ပြိုင်ပွဲကို ချီလီနိုင်ငံမှာ ခြောက်ကြိမ်ကျင်းပခဲ့ရာမှာလည်း ဥရုဂွေးဟာ နှစ်ကြိမ်ဝိုလ်စွဲဖူးတဲ့အစဉ်အလာကောင်းကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဥရုဂွေးအနေနဲ့ အစဉ်အလာကောင်းတွေ ပိုင်ဆိုင်ခဲ့ဖူးတဲ့ ချီလီမြေမှာ အစဉ်အလာအတိုင်း ချန်ပီယံဆုလားကို ကာကွယ်သွားနိုင်မလားဆိုတာ ဒီပြိုင်ပွဲမှာ စိတ်ဝင်စားဖို့ကောင်းလာပါတယ်။ ဒဲ့အပြင် ဥရုဂွေးဟာ ဒီပြိုင်ပွဲအတွက် လူရွေးချယ်ရာမှာ ဆွာရက်ဇ်မပါဝင်နိုင်ခဲ့ပေမယ့် ကာဗာနီ၊ ဂျိုနသန် ရိုဒရီဂွတ်စ်၊ ခရစ္စတီယန်ရိုဒရီဂွတ်စ်၊ ဂိုဒင်၊ ပီရီယာတို့လို ကစားသမားတွေ ပါဝင်လာတာကြောင့်လည်း ဥရုဂွေးရဲ့အနေအထားဟာ စောင့်ကြည့်ချင်စရာ ဖြစ်နေပါတယ်။ ဒါပေမယ့်ကျွမ်းကျင်သူတိုင်းကလည်း ဥရုဂွေးအနေနဲ့ ဘယ်လောက်ပဲ ပြည့်စုံမှုရှိရှိ။ ဘယ်လောက်ပဲ အစဉ်အလာတွေ ကောင်းကောင်း အာဂျင်တီးနားကိုလည်း မေ့ထားလို့ မရနိုင်ပါဘူးလို့ အကောက်အယူလုပ်ကြပါတယ်။

အထူးသဖြင့် အာဂျင်တီးနားဟာ ဒီပြိုင်ပွဲမှာ ချန်ပီယံဆုဖလားကို ၁၄ ကြိမ် သိမ်းပိုက်ထားနိုင်ကာ တကယ်လို့ ဒီတစ်ကြိမ်သာ အောင်ပွဲခံနိုင်ခဲ့ရင် ဥရုဂွေးနဲ့ စံချိန်ချင်းတူညီသွားမှာလည်း ဖြစ်ပါတယ်။ ဒဲ့အပြင် အာဂျင်တီးနားဟာ ဒီပြိုင်ပွဲမှာ ဒုတိယ ၁၂ ကြိမ် ရရှိခဲ့ပြီး ဒုတိယဆုရယူနိုင်မှုမှာ ဥရုဂွေးထက် ခြောက်ကြိမ်တိတိ အသာရထားပါတယ်။ ဒါကြောင့် အာဂျင်တီးနားသာ ချန်ပီယံ ဖြစ်မှုမှာ ဥရုဂွေးနဲ့ တူညီခဲ့လျှင် ဒုတိယရရှိမှု အသာရထားတာမို့ ပြိုင်ပွဲမှာ အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်သွားနိုင်မှာလည်း ဖြစ်တာကြောင့် အာဂျင်တီးနားဟာ ဒီပြိုင်ပွဲမှာ ဝိုလ်စွဲဖို့အထိ ရည်မှန်းကြိုးစားလာမှာသေချာနေပါတယ်။ ဒဲ့အပြင် အာဂျင်တီးနားဟာ ဒီပြိုင်ပွဲမှာ ၁၉၉၃ ခုနှစ်က ဝိုလ်စွဲခဲ့ပြီးတဲ့ နောက် ပြိုင်ပွဲအရပ်ရပ်မှာ ဘယ်ချန်ပီယံဆုဖလားကိုမှ ရယူနိုင်ခဲ့ခြင်း မရှိတာကြောင့်လည်း အားစိုက်ကြိုးစားလာမှာဖြစ်သလို အာဂျင်တီးနားဟာ ချီလီမြေပေါ်မှာ ကျင်းပခဲ့တဲ့ ပြိုင်ပွဲတွေမှာလည်း ဝိုလ်စွဲခဲ့ဖူးတဲ့အစဉ်အလာတွေရှိခဲ့ပါတယ်။

အာဂျင်တီးနားအနေနဲ့ ချီလီမြေပေါ်မှာ ဒီကိုပါအမေရိကဖလားကို အရင်က ခြောက်ကြိမ်ကျင်းပခဲ့ရမှာ လေးကြိမ်တိတိဝိုလ်စွဲနိုင်ခဲ့သလို ဒီပြိုင်ပွဲအတွက်လည်း ဟီဂူအင်၊ မက်ဆီ၊ တီဗက်ဇ်၊ အဂူရို၊ လာဗက်ဇီ၊ မာရှေယာနို၊ ဒီမာရီယာ၊ ပက်စတိုရီတို့ ထိပ်တန်းကစားသမားတွေကိုပါ ခေါ်ယူထားတာကြောင့် ပြိုင်ပွဲဝင် ၁၂ သင်းအနက် အတောင့်တင်းဆုံးအသင်းအဖြစ် တည်ရှိနေတာကြောင့် ဒီပြိုင်ပွဲမှာ အာဂျင်တီးနားကို ဥရုဂွေးရဲ့ အဓိကပြိုင်ဘက်အသင်းအဖြစ် ယူဆလက်ခံထားခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် လေ့လာသူတွေဟာ ဒီပြိုင်ပွဲမှာ အာဂျင်တီးနားအပြင် စောင့်ကြည့်ရမယ့် အခြားအသင်းတွေလည်းရှိနေပါသေးတယ်လို့ ကောက်ချက်စွဲလက်ခံယုံကြည်ကြပါတယ်။

အထူးသဖြင့် ဒီပြိုင်ပွဲမှာ ဧည့်သည်အသင်းတွေကို ၁၉၉၃ ခုနှစ်ကနေ စတင်ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့တာဖြစ်ပြီး ဒီပြိုင်ပွဲအထိ ကော်စတာရီကာ၊ ဟွန်ဒူးရပ်စ်၊ ဂျမေကာ၊ ဂျပန်၊ မက္ကဆီကို၊ အမေရိကန်တို့ ပြိုင်ပွဲဝင်ခဲ့ဖူးကာ အဆိုပါအသင်းတွေအနက် အမေရိကန်က၁၉၉၅ပြိုင်ပွဲမှာ စတုတ္ထ၊ ဟွန်ဒူးရပ်စ်က ၂၀၁၁ ခုနှစ်မှာ တတိယနဲ့ မက္ကဆီကိုက ၁၉၉၃၊ ၂၀၀၁ တို့မှာ ဒုတိယရရှိခဲ့တာကြောင့် ဒီဧည့်သည်အသင်းတွေရဲ့ ရှုန်းကန်အားကို လျှော့တွက်လို့မရဘူးလို့ လည်း ဆိုကြပါတယ်။

ဒဲ့အပြင် ဒီပြိုင်ပွဲဟာ အိမ်ရှင်အသင်းတွေဟာလည်း ချန်ပီယံဆုရယူခဲ့ကြဖူးတဲ့အစဉ်အလာတွေလည်း ရှိနေပါတယ်။ ဘိုလီဗီးယား၊ ပီရူးတို့လို အသင်း တွေကအစ ဒီပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့စဉ်မှာ ချန်ပီယံဆုဖလားတွေကို ဆွတ်ယူနေရယူခဲ့ကြဖူးသလို ဒီပြိုင်ပွဲမှာ အိမ်ရှင်အသင်းတွေဟာ ၁၈ ကြိမ်တိတိ ဝိုလ်စွဲနိုင်ခဲ့ကြဖူးပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ ဆန်းချက်ဇ်၊ ဗီဒဲလ်၊ မီဒဲလ်တို့လို ကစားသမားကောင်းတွေကို အခြေပြုလာမယ့် အိမ်ရှင်ချီလီကိုလည်း လျှော့တွက်လို့ မရနိုင်ဘူးလို့ အကောက်အယူလုပ် လက်ခံယုံကြည်ကြပါတယ်။

ဒဲ့အပြင် ဒီတောင်အမေရိကရဲ့ အသင်းကြီး ဘရာဇီးဟာလည်း မေ့ထားလို့ရမှာမဟုတ်ပါဘူး။ ဘရာဇီးဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂျာမနီကို ဝိုးပြတ်ရှုံးခဲ့ ရတာကြောင့် ကျဆင်းခဲ့ရတဲ့ဂုဏ်သိက္ခာကို ပြန်ပြီးဆယ်ယူနိုင်ဖို့ ကြိုးစားလာမှာဖြစ်သလို နေမာ၊ ဝီလီယံ၊ ကွန်တင်ဟို၊ လူးဝစ်ဇ်၊ ဆေးလ်ဗားတို့လို ကစားသမားကောင်းတွေ အပြင် ရော်ဘင်ညိုလို ဝါရင့်ကစားသမားကြီးပါ ပြန်လည် ခေါ်ယူထားကာ ခြေစမ်းပွဲတွေလည်း ရလဒ်ကောင်းနေပါတယ်။ ဒါကြောင့် ဘရာဇီးဟာလည်း ဥရုဂွေး၊ အာဂျင်တီးနား၊ ချီလီတို့နည်းတူ ချန်ပီယံဆုကို စိန်ခေါ်လာနိုင်မှာ သေချာသလို ဖယ်ကာအို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့လို ကစားသမားကောင်းတွေပါဝင်လာမယ့် ကိုလံဘီယာကလည်း အသင်းကောင်း တစ်သင်းဖြစ်နေတာကြောင့် ဒီကိုပါအမေရိကဖလားဟာတောင်အမေရိက ဘောလုံးသမားတွေရဲ့ ပင်ကိုပါရမီရင့်သန်တဲ့ခြေစွမ်းတွေနဲ့အတူ စိတ်ဝင်စားဖို့ကောင်းနေတာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာနေတယ်လို့ပဲ ဆိုချင်မိပါတယ်။ ။

> **ဒီပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ အုပ်စုတွင်းမှာ အမှတ်တူနေလျှင် ဂိုးကွာခြားချက်နဲ့ ဆုံးဖြတ်တဲ့စနစ်ကို ကျင့်သုံးသွားမှာဖြစ်သလို ကွာတားဖိုင်နယ်ကစလို့ ဒီပြိုင်ပွဲရဲ့ ရှုံးထွက်အဆင့်ပွဲစဉ်တွေမှာလည်း မိနစ် ၉၀ နဲ့ အနိုင်အရှုံးအဖြေ မပေါ်ခဲ့ရင် အချိန်ပိုဆက်ကစားခွင့်ပြုမှာ မဟုတ်ဘဲ ပယ်နယ်တီအဆုံးအဖြတ်ကို တိုက်ရိုက်ကန်သွင်းယူသွားမှာဖြစ်**